မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၉)

ကတညုတာ ဇော မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

စီးပွားရေးအခြေခံကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအလေးထား ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဌာနဆိုင်ရာများ ပြည်သူနှင့်လက်တွဲကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၁၅ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့သို့ရောက်ရှိကြပြီး ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှုရှိပြီး လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၅* ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပန်းတနော်မြို့နယ် ကျုံတုံးလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာ တောင်သူ ဦးသန်းအေး၏ မျိုးကောင်းမျိုးသန့် ဆင်းသွယ်လတ်နှင့် မနော်သုခ စပါး ရှစ်ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်(၄)
မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
လက်ရှိချန်ပီယံ လုံးချောနှင့် စိန်ခေါ်သူ ဝဏ္ဏတို့
ရေကုန်ရေခန်း အကဲစမ်းကြမည်

သိန်းဝင်းလေး(မြန်မာ့အလင်း)၏ သတင်းဆောင်းပါး စာ - ၁၃

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးမရမီကစပြီး ဒီကနေ့ လွတ်လပ်ရေး သက်တမ်း နှစ်၆၀ပြည့်ပြီးသည့် နောက်ပိုင်းတစ်လျှောက် မြန်မာတို့က လွတ်လပ်ရေးရအောင်၊ ပြည်တွင်း ငြိမ်းချမ်းတည်ငြိမ်အောင်၊ မိမိတို့ ရေကောင်း၊ မြေကောင်း၊ သယံဇာတကောင်းတွေနဲ့ ဖွံ့ဖြိုးတိုးတက် ကြွယ်ဝတဲ့ နိုင်ငံဖြစ်အောင်၊ နိုင်ငံငြိမ်းချမ်းရေး တည်ငြိမ်မှုရယူပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး အဆင့် ခုနစ်ဆင့်လုံး အောင်မြင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီနဲ့ လက်တွဲဆောင်ရွက်နေကြတာ အားလုံးအသိအမြင်ပါ။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ အဖျက်လုပ်ရပ်တွေ ကျော်လွှား ဖြတ်နင်းပြီး အောင်မြင်မှုတွေ တစ်သီကြီးရရှိနေပြီလည်း ဖြစ်ပါတယ်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး စာ - ၆ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၀ ရက်)

အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေး ပညာရေးအခြေခံကောင်းများ တည်ဆောက်ဖြည့်ဆည်းပေးထား

မျက်မှောက်ကာလတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို နည်းပညာစွမ်းအားဖြင့် ပြည့်စုံစေရန် နိုင်ငံတော်က ဖြည့်ဆည်း စွမ်းဆောင်ပေးလျက်ရှိသည်။ နယ်ပယ်ကဏ္ဍစုံတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ အံဝင်ခွင်ကျရှိစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

လူမှုဆက်ဆံရေးနယ်ပယ်အသီးသီးတွင် အချိန်အခါနှင့် လိုက်လျောညီထွေသည့် နည်းပညာများ၊ ခေတ်မီနည်းစနစ်နှင့် အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ကောလိပ်အသီးသီးက ဦးဆောင်ကြိုးပမ်းကြရမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တုနှင့် စက်မှုထုတ်ကုန်လုပ်ငန်း ကဏ္ဍများတွင်သာမက လူမှုရေးနယ်ပယ်ကဏ္ဍများ၌ပါ အဆင့်မြင့်နည်းပညာ၊ အတတ်ပညာများ အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ရန်အတွက် ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုဖြစ်သော ဆရာ ဆရာမများအနေဖြင့် လူငယ်များ၏ ပညာစွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် အသိပညာ၊ အတတ်ပညာများကို သင်ကြားပို့ချပေးသကဲ့သို့ လူငယ်များ၏ရည်မှန်းချက်များနှင့် နိုင်ငံ၏အကျိုးစီးပွား ဆီလျော်မှုရှိစေရန် မှန်ကန်သော လမ်းကြောင်းကို ညွှန်ပြတည့်မတ် ပေးကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်းတိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်များသည်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိရာ နိုင်ငံနှင့်လူမျိုး ခေတ်နှင့်အညီ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက် ဖြည့်ဆည်းပေးထားမှုများနှင့်အတူ ဆရာ ဆရာမများ အားလုံးက မိမိတို့၏တပည့်များအား စိတ်ရင်းစေတနာကောင်းဖြင့် သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးသွားပါက နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ပေးနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ရန်ကင်းမြို့နယ် အဝေရာလမ်း အမှတ်၃၁(A)နေ ဦးတင်ရ-ဒေါ်နီနီမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးသိန်းထွန်း၊ ဦးမောင်လှိုင်၊ ဦးမောင်မောင်အေးနှင့် ဦးထွန်းတို့လက်ခံယူကြသည်။ (အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အလင်းလက်ဆုံး ကြယ်ပွင့်ကလေး**
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၉။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း-၂၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့ နောက်ကွယ်** (အပိုင်း-၅)

အလုပ်သမားဝန်ကြီးဌာန စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးတို့၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အလုပ်သမားဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ ရေစက်ချပရိတ်တရားတော်များ နာယူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ် အိမ်အိုရှာဦးကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

ကျောက်ပန်းတောင်းမြို့နယ် အိမ်အိုရှာဦးကျောင်းတွင် စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါခေါင်လဆန်းတွင် ဂေါစကံအတွင်းကျောင်းပေါင်းများစွာမှ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်လှူဒါန်းမည်ဖြစ်သည်။

စည်ကားသိုက်မြိုက်

ရန်ကုန်၌ရောက်ရှိနေသော အိမ်အို၊ စီးကံ၊ ပေါက်တောကျေးရွာများမှ မိသားစုများနှင့် အိမ်အိုကျေးရွာဥပဋ္ဌာကပုဂ္ဂိုလ်များ ညှိနှိုင်းပြီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်ရောက်အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဦးသန်းမောင်(မင်္ဂလာဒုံ) ဖုန်း-၆၃၆၄၀၉၊ ဦးသာအောင် ဖုန်း-၇၀၇၁၁၀၊ ဦးသောင်းရွှေ ဖုန်း-၀၉-၉၉-၇၃၆၈၁နှင့် ဒေါ်ညိုတင် ဖုန်း-၅၅၆၁၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်ဖက်သော မိဘများ၊ ဖခင်ကြီး (၁၇)နှစ်မြောက်နှင့် သားများအားရည်စူး၍မိခင်ကြီးဒေါ်သန်း၏ (၈၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့တစ်နေ့တာဆွမ်း၊ ထာဝရဆွမ်းနှင့်ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ သူချစ်ကိုချစ်မေတ္တာစစ်တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၇:၅၅-၁:၅၅ Sunday Talk [အကယ်ဒမီကျော်ဟိန်း၊ ကိုကို(စက်မှုတက္ကသိုလ်)၊မျိုးမြတ်သူ]
၈:၅၅-၂:၅၅ တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀ ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (ဖျာပုံ၊ ဒေးဒရဲ)
၉:၂၀-၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၃၀-၃:၃၀ သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့
၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅ မိသားစုတနင်္ဂနွေ (ဗောင်းတော်ချုပ်)
၁၀:၁၀-၄:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅ သဘာဝအလှ ရတနာသစ်ခွကမ္ဘာ
၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅ ရွှေထီးတော်တင်အလှူမင်္ဂလာမှသည် အပါယ်ခံရွာလေးရဲ့ အနာဂတ်လမ်းဆီသို့
၁၁:၀၅-၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၁၁:၃၅-၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ သွားမယ်စားမယ် (Zaw Gyi House)
၁၂:၀၀-၆:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'ဗိုက်ဗိုက်ဗိုက်'
၁၂:၂၅-၆:၂၅ Biz Net
၁၂:၃၅-၆:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀ အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၅ရက်က နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီးနှင့် ဧည့်ပရိသတ်တို့က မြို့လယ်ကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တမာဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြကာ ဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီ**(အပေါ်ပုံ)**၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အရုဏ်ဆွမ်းဆက်ကပ်

ထို့နောက် မြို့လယ်ကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဂန္ဓမာထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ အုန်းတောတောင်ကျောင်း၊ မြို့လယ်ကျောင်းတိုက်၊ ကျောင်းသစ်ကျောင်း၊ စမ်းမြိုင်တောရကျောင်းနှင့် မစိုးရိမ်တိုက်သစ်ကျောင်းများမှ စုစုပေါင်းသံဃာတော် ၂၀၁ပါးတို့အား ကျောင်းတိုက်များအလိုက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှု ကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

မှုခင်းတပ်ဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်

ဝါဆိုလပြည့်နေ့က မှုခင်းတပ်ဖွဲ့ တပ်ဖွဲ့ဝင် မိသားစုများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် ခေတ္တမှုခင်းတပ်ဖွဲ့မှူး ရဲမှူးကြီးအုန်းမြင့် ဆရာတော်ထံ ဝါဆို သင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မှုခင်းတပ်ဖွဲ့)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၉

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် နယူးယောက်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ အာဂျေးချီဘာသည် ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မစ္စတာ အာဂျေးချီဘာနှင့်အတူ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဌာနအကြီးအကဲ မစ္စတာ မာတင်ဟယ်ဒီဘရန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပျိုးချိန် စိုက်ချိန်

* ပျိုးပါကွဲ့ပျိုးပါ
ညီတညာချိန်မရွေး၊
တောတစ်ခိုတောင်ညိုတန်း
စိမ်းလန်းဖို့ရေး။
* ဥတုရယ် ချိန်ရာသီ
တောကိုမှီ မှန်စေသား၊
မကြွားတကယ်
တရားနှယ် ဆိုစကား
လေးစားစို့လား။
* ပျိုးချလို့ စိုက်ကြစမ်း
အေးချမ်းတဲ့ သည်ရပ်မြေ၊
မြေဆွကာပေါင်းမြက်ရှင်း
စိုက်ခင်းဖြစ်စေ။
* စိမ်းလန်းလို့စိုပြည်
မှန်မသွေ ရှယ်ရည်စူး၊
လွှမ်းအခြုံ မှုန်အဆင်းရယ်နဲ့
ပန်းအစုံ ထုံသင်းပါလို့
ဆိုသီချင်း သာသာပေါ့
စမ်းရေပြာစီးသံ တေးရယ်နဲ့
(အလိုက်ကွယ်) ငှက်ကျေးသံမြူး။ ။

သောင်းကိုကို

မြန်မာ့အလင်း

သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဂျပန်တိုဟိုကူနှင့် ကန်တိုဒေသ၌ အင်အားပြင်းငလျင်လှုပ်

တိုကျို ဇူလိုင် ၁၉

ဂျပန်နိုင်ငံ တိုဟိုကူနှင့်ကန်တိုဒေသတွင် ဇူလိုင် ၁၉ရက် နံနက် ၁၁နာရီ ၃၉ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၆ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း ဂျပန်နိုင်ငံ အမျိုးသားငလျင်ဗျူရိုက သတင်း ထုတ်ပြန်သည်။

ထိုငလျင်လှုပ်မှုကြောင့် ဖုကူရှီးမားနှင့်မီယာဂီကမ်းရိုးတန်းများ၌ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း ဆူနာမီရေလှိုင်းများမဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အမေရိကန်အမျိုးသား မိုးလေဝသဌာနမှ ထုတ်ပြန်သော သတင်း၌ ၎င်းငလျင် အင်အားမှာ အင်အား ၇ရှိကြောင်း ဖော်ပြသည်။

အမေရိကန်တောင်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း

ဝစ္စကွန်ဆင် ဇူလိုင် ၁၉

အမေရိကန်နိုင်ငံတောင်ပိုင်း ဝစ္စကွန်ဆင်ပြည်နယ်တွင် ဇူလိုင် ၁၉ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ်များရေနစ်မြုပ်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုးရွာသွန်းမှုမှာ ဇူလိုင် ၁၈ရက် နံနက်မှ မွန်းလွဲပိုင်းအထိ ရွာသွန်းနေပြီး ဆက်လက်ရွာသွန်းဖွယ်ရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုကြောင့် မော်တော်ယာဉ်သွားလာရေးလည်း ပြတ်တောက်**(အောက်ပုံ)**သွားကြောင်း သိရသည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မစ္စစ္စပီမြစ်ရေများ လျှံတက်ခဲ့ကြောင်း၊ ထို့ကြောင့် အနီးဝန်းကျင်ဒေသများ ရေလွှမ်းမှုဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း အမေရိကန်သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

တရုတ်(တိုင်ပေ)၌ မုန်တိုင်းတိုက်ခတ်မှု ၁၉ဦး သေဆုံး

ဟောင်ကောင် ဇူလိုင် ၁၉

တရုတ်(တိုင်ပေ)မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၁၉ရက် အထိ သေဆုံးသူဦးရေမှာ ၁၉ဦးရှိပြီဖြစ်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနမှ သတင်း ထုတ်ပြန်သည်။

၎င်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၇၀နှုန်းတိုက်ခတ်ခဲ့သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ကာ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျောက်ဆုံးသူ ခြောက်ဦးရှိပြီး နေအိမ်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ကင်ညာမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး နေအိမ်အချို့ပျက်စီး

နိုင်ရိုဘီ ဇူလိုင် ၁၉

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ မြောက်ဘက်မိုင် ၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဇူလိုင် ၁၉ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုနှင့်မြေပြိုမှုများဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ကြောင်း ကင်ညာနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မြေပြိုမှုကြောင့် နေအိမ်ငါးလုံး ပျက်စီးခဲ့ပြီး ငါးဦးသေဆုံးခဲ့ကြောင်း ပျောက်ဆုံးသူသုံးဦးကို ရှာဖွေလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

နယ်စပ်တပ်စခန်း အမေရိကန်လေကြောင်းမှားယွင်းတိုက်ခိုက်မှု ပါကစ္စတန်စစ်ဘက်က လက်မခံ

အစ္စလမ္မာဘတ် ဇူလိုင် ၁၉

ပါကစ္စတန်စစ်သား ၁၁ဦးသေဆုံးစေသည့် အမေရိကန်လေကြောင်း တိုက်ခိုက်မှုမှာ အမေရိကန်စစ်ဘက် အနေဖြင့် အာဖဂန်နယ်စပ်ရှိ ပါကစ္စတန်တပ်စခန်းနေရာကို မသိသည့်အတွက်ဖြစ်သည်ဆိုသော အမေရိကန်မီဒီယာများ၏ သတင်းဖော်ပြချက်ကို ပါကစ္စတန်စစ်ဘက်က ဇူလိုင် ၁၇ရက်တွင် ပယ်ချလိုက်သည်။

စုံစမ်းစစ်ဆေး

ပါကစ္စတန်တပ်စခန်းနေရာကို မသိရှိခြင်းကြောင့် ဖြစ်ရကြောင်း၊ ဇွန် ၁၀ရက်ကအဖြစ်ကို စုံစမ်းစစ်ဆေးသည့် အမေရိကန်-ပါကစ္စတန်ပူးတွဲစစ်ဆေးရေး တွေ့ရှိချက်များက ဖော်ပြနေကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်မှ အမေရိကန်မြေပြင်တပ်ဖွဲ့ဝင်များမှာ ရန်သူ၏ပစ်ခတ်တိုက်ခိုက်မှုခံရစဉ် လေကြောင်းတိုက်ခိုက်မှု အကူအညီခေါ်ကာ လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွရှစ်ဦးခန့် သေဆုံးသည်။ ထို့ပြင် နယ်စပ်ရှိ ပါကစ္စတန်တပ်စခန်းကိုလည်း ထိမှန်သွားခဲ့သည်။

အသိပေးထား

နယ်စပ်တပ်စခန်းတည်ရှိရာနေရာကို အမေရိကန်စစ်ဘက်သို့ အသိပေးထားကြောင်း ပါကစ္စတန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အဘတ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့အနီးတွင် ပိုလန်ခရီးသွားဧည့်သည်များအား တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် ဇူလိုင်၁၈ရက်က တွေ့ရစဉ်။ (ယင်းယာဉ်မတော်တဆမှုကြောင့် နှစ်ဦးမှာပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့သည်။) (အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာ၌ မြေပြိုမှုဖြစ်ပွား ရှစ်ဦးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၁၉

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇူလိုင်၁၉ရက်က မိုးဆက်တိုက်ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ကလေးငယ်လေးဦးအပါအဝင် ရှစ်ဦးသေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေး အဖွဲ့ဝင်များက ပြောကြားသည်။

ဖြစ်စဉ်နှစ်ခု၌ မော်တော်ယာဉ်များပေါ်သို့ တောင်ပေါ်မှ ရွှံ့နွံများနှင့်ကျောက်တုံးများဖုံးလွှမ်းခဲ့သဖြင့် လေးဦးသေဆုံးခဲ့ကြောင်း၊ မြေပြိုမှုကြောင့် နေအိမ်များ ပြိုကျပျက်စီးစဉ် နောက်ထပ်လေးဦးမှာ သေဆုံးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် မတ်လမှစ၍ မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၄၀၀၀၀ ကျော် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပြင်သစ်အရှေ့တောင်ပိုင်းရှိ နျူကလီးယားစက်ရုံတစ်ရုံ ယူရေနီယံယိုစိမ့်မှု ဖြစ်ပွားခဲ့

ပါရီ ဇူလိုင် ၁၉

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် လွန်ခဲ့သည့်နှစ်များစွာက တည်ဆောက်ခဲ့သော နျူကလီးယားစက်ရုံမှ ယိုစိမ့်သည်ဟု ယူဆရသော ယူရေနီယံများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြင်သစ်လုံခြုံရေးအာဏာပိုင်အဖွဲ့က ဇူလိုင်၁၈ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူရေနီယံယိုစိမ့်မှုဖြစ်ပွားသည်ဟု ယူဆရသည့် နျူကလီးယားစက်ရုံအနီး ရိုမန်ဆာအီဆီရီအရပ်၏ အခြေအနေကို စုံစမ်းစစ်ဆေးရန် ကျွမ်းကျင်သူများကို စေလွှတ်ခဲ့ကြောင်း၊ သို့သော်လည်း ယင်းယိုစိမ့်မှု ပမာဏ မည်မျှကြီးမားသည်ကို မပြောနိုင်သေးဟု ဇူလိုင်၁၇ရက်တွင် စုံစမ်းရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယင်းအာဏာပိုင်အဖွဲ့က ဆိုသည်။

ပြောကြား

ယူရေနီယံယိုစိမ့်မှုဖြစ်ပွားနေသော နျူကလီးယားစက်ရုံ၏ အစိတ်အပိုင်းကို ပြင်ဆင်ထိန်းချုပ်ခဲ့ကြောင်း၊ ပတ်ဝန်းကျင်သို့ အန္တရာယ်မရှိနိုင်တော့ကြောင်း၊ နျူကလီးယား ဓာတ်ပေါင်းဖိုများ တည်ဆောက်ပေးကာ ယူရေနီယံအရေးကိစ္စများနှင့် ပတ်သက်ပြီး ဖြေရှင်းပေးနေသော အစိုးရလက်အောက်ရှိ အရီဗာနျူကလီးယားကုမ္ပဏီက ပြောကြားသည်။

ယိုစိမ့်

ဖြစ်ပွားမှုမှာ မြေအောက်တွင် မြှုပ်ထားသော ယူရေနီယံပိုက်လိုင်း အက်ကွဲကြောင်းမှ ယိုစိမ့်ထွက်နေခြင်းဖြစ်ကြောင်း၊ ယင်းပိုက်သည် နှစ်ပေါင်းများစွာက ပိုက်လိုင်းဖြစ်ကြောင်း အရီဗာကုမ္ပဏီက ပြင်သစ်လုံခြုံရေးအာဏာပိုင်အဖွဲ့သို့ ပြောကြားခဲ့သည်ဟု ဆိုသည်။

အမိန့်ထုတ်ပြန်

ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်းရှိ ယူရေနီယံလုပ်ငန်းခွင်တစ်ခု၌ ယူရေနီယံပါဝင်မှုနည်းသော ယိုစိမ့်မှုဖြစ်ပွားခဲ့သည်ဟု အရီဗာကုမ္ပဏီက သက်ဆိုင်ရာသို့ တင်ပြပြီးနောက် အစိုးရက နိုင်ငံတစ်ဝန်းလုံးရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများကို စစ်ဆေးရန် အမိန့်ထုတ်ပြန်ကာ ဓာတ်ငွေ့ယိုစိမ့်မှုသတင်းကိုပါ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၁၉

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇူလိုင် ၁၉ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀°C	မိုးရွာ
ဂျပန်	တိုကျို	၃၂°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃°C	မိုးရွာ
သြစတြေးလျ	ဆစ်ဒနီ	၁၈°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃°C	တိမ်ထူထပ်၊ လေပြင်းတိုက်
အီဂျစ်	ကိုင်ရို	၃၁°C	သာယာ
ရုရှား	မော်စကို	၂၇°C	တိမ်ထူထပ်၊ မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၄°C	မိုးရွာ
ပြင်သစ်	ပါရီ	၂၄°C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၀°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၃၂°C	သာယာ

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အသက် ၇၀ အရွယ် အမျိုးသမီးကြီးမှ မွေးဖွားသည့် ကလေးငယ်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မြောက်ဘက် ကျေးရွာတစ်ရွာမှ အသက် ၇၀ အရွယ် အမျိုးသမီးကြီးတစ်ဦးသည် အမွှာကလေးငယ်(ဝဲပုံ)နှစ်ဦးကို မကြာမီက မွေးဖွားခဲ့ရာ ကမ္ဘာပေါ်၌ ကလေးမွေးဖွားနိုင်သည့် အသက်အကြီးဆုံး အမျိုးသမီးကြီးအဖြစ် ဇူလိုင် ၁၈ရက်က မှတ်တမ်းဝင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အမြင့်ဆုံးမော်တော်ဆိုင်ကယ်စီးနင်းနိုင်သူ

အမေရိကန်နိုင်ငံ ဆန်တာမိုနီကာမြို့၌ ရှန်နေရေးနာအမည်ရှိ အမျိုးသားတစ်ဦးသည် ဇူလိုင် ၁၈ ရက်က ၅၉ပေ ၂လက်မ အမြင့်မှ မော်တော်ဆိုင်ကယ်ကိုစီးပြီး လေထဲ၌သရုပ်ပြမှုများပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် လေထဲ၌ အမြင့်ဆုံးမော်တော်ဆိုင်ကယ်စီးနင်းနိုင်သူ(အောက်ပုံ)**အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရသည်။**

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၉-၇-၂၀၀၈

ကမ္ဘောဒီးယား၌ ယခုနှစ်အစောပိုင်းတွင် ဆန်တန်ချိန် ၄၀၀၀ ထွက်ရှိ

ဖနောင်ပင် ဇူလိုင် ၁၉

ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ယခုနှစ်အစောပိုင်းကာလတွင် ဆန်တန်ချိန် ၄၀၀၀ ထုတ်လုပ်နိုင်ခဲ့ရာ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၀၀ တင်ပို့နိုင်ခဲ့သည်။

ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာဈေးကွက်၌ ဆန်ဈေးနှုန်း မြင့်တက်လာမှုမှာ စီးပွားရေးကဏ္ဍ၏ အချက်အချာဖြစ်ကြောင်း မဲခေါင်တိုင်းမ်သတင်းစာက ဖော်ပြသည်။

ဆော့ဖ်ဝဲစင်တာ ဟိုချီမင်းမြို့၌ တည်ဆောက်မည်

ဟန္နွိုင်း ဇူလိုင် ၁၉

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တောင်ပိုင်း၌ အရှေ့တောင်အာရှနိုင်ငံအချို့နှင့်ပူးပေါင်း၍ ဆော့ဖ်ဝဲလ်စင်တာ တည်ဆောက်မည်ဖြစ်သည်။ ယင်းအဆောက်အအုံသည် မြေဧက ကျယ်ဝန်းကာ အမေရိကန်ဒေါ်လာ ၁၁သန်း ၂ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ဆော့ဖ်ဝဲကုမ္ပဏီများ၊သင်တန်းများ၊ အရောင်းစင်တာများကို ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းတည်ဆောက်မည်ဖြစ်ကြောင်း ဇူလိုင်၁၈ရက် စီးပွားရေးတိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

ဟူစတန်၌ ကရိန်းပြုတ်ကျ၍ လေးဦးသေဆုံး

ဝါရှင်တန် ဇူလိုင် ၁၉

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ စက်မှုလုပ်ငန်းခွင်၌ ဇူလိုင်၁၈ရက်က ကရိန်း ပြုတ်ကျမှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ဟူစတန် မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာကမ်းရိုးတန်း၌ စစ်ဆင်ရေးပြုလုပ်

ကိုလံဘို ဇူလိုင် ၁၉

သီရိလင်္ကာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ၌ စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ရာတွင် တမီးလ်ကျားသူပုန်များအား ဖမ်းဆီးခဲ့ပြီး နိုင်ငံမြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရာ တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့သည်။ ဇူလိုင်၁၆ရက်က သီရိလင်္ကာအနောက်ပိုင်းရှိ သူပုန်များအခြေချစခန်းကို တိုက်ခိုက်ချေမှုန်းခဲ့သည်။

ဘရာဇီးနိုင်ငံ ကျေးလက်ဒေသများ၌ နက်ဝေ့ခ် စင်တာ ၅၀၀ ဖွင့်မည်

ရီယိုဒီဂျနေရိုး ဇူလိုင် ၁၉

ဘရာဇီးအစိုးရအနေဖြင့် အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံ၍ မဖွံ့ဖြိုးသေးသည့် ကျေးလက်ဒေသများတွင် နက်ဝေ့ခ်စင်တာ ၅၀၀ တည်ဆောက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

နက်ဝေ့ခ်စင်တာတစ်ခုစီတွင် ကွန်ပျူတာ ၁၂လုံး ထားရှိကာ အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘရာဇီးသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဇူလိုင် ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

သဘာဝဓာတ်ငွေ့တွင်း ရိုမေးနီးယား၌တွေ့ရှိ

ဘူခါရက်စ် ဇူလိုင် ၁၉

ရိုမေးနီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သဘာဝဓာတ်ငွေ့တူးဖော်ရေး ရိုမာဂါကုမ္ပဏီမှ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၀၀၀၀၀ထုတ်လုပ်နိုင်သည့် အကြီးဆုံးသဘာဝဓာတ်ငွေ့တွင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ၎င်းနိုင်ငံ၌ သဘာဝဓာတ်ငွေ့ တူးဖော်သည့်တွင်း ခုနစ်ခုရှိရာ ပြည်တွင်းဈေးကွက်၌ ၄၁ဒသမ ၂ရာခိုင်နှုန်းရောင်းချနိုင်သည်။ ဥရောပနိုင်ငံများအတွင်း ရိုမေးနီးယားနိုင်ငံသည်နှစ်စဉ် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၀ဘီလီယံ ထုတ်လုပ်နိုင်သည်။

ဘင်္ဂလားဒေ့ရှ်၌ ယာဉ်မတော်တဆမှုကြောင့် ယခုနှစ်အတွင်းသေဆုံးသူ ၁၀၀၀၀ ကျော်ရှိ

ဒါကာ ဇူလိုင် ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့တောင်ပိုင်း၌ ဇူလိုင် ၁၇ရက်က ခရီးသွားယာဉ် တင်ဆောင်လာသည့် ကွန်တိန်နာကားနှင့် ခရီးသည်တင်ဘတ်စ်ကားတိုက်မိရာ ရှစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း၊ ယခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်ရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါရှုန်ပင်လယ်ကွေ့၌ စစ်ရေးလေ့ကျင့်ခြင်းမှာ ကာကွယ်ရေးစွမ်းရည် ထက်မြက်စေရန်ဖြစ်ကြောင်း အီရန်ပြောကြား

တီဟီရန် ဇူလိုင် ၁၉

ပါရှုန်ပင်လယ်ကွေ့အတွင်း အီရန်တို့က စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခြင်းသည် မိမိတို့၏နိုင်ငံကို ကာကွယ်ရေးစွမ်းရည် တိုးတက်ထက်မြက်နေစေရန်ဖြစ်ကြောင်း အီရန်စစ်ဘက်အရာရှိများက ဇူလိုင် ၁၉ ရက်တွင် ပြောကြားလိုက်သည်။

မကြာမီက ပါရှုန်ပင်လယ်ကွေ့တွင် အီရန်ရေတပ်မှသင်္ဘောများ၊ အမြန်ရေယာဉ်များအပါအဝင် ရေတပ်တပ်ဖွဲ့ဝင်များက စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြပြီး ရေပြင်မှဝေဟင်ပစ်ဒုံးကျည်ပစ်ခတ်မှုများကိုလည်း ပစ်လွှတ်ခဲ့ကြသည်။

လျင်မြန်စွာတုံ့ပြန်

မိမိတို့၏ ကာကွယ်ရေးစွမ်းရည်သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်အားလုံး ထက်မြက်မှုရှိနေကြောင်း၊ မိမိတို့ စစ်ရေးလေ့ကျင့်မှုများ မပြတ်တမ်းပြုလုပ်သွားမည်ဖြစ်ပြီး မည်သည့်ရန်သူကိုမဆို လျင်မြန်စွာတုံ့ပြန်ရန် အသင့်ရှိနေကြောင်း ၎င်းတို့ကပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အကြောင်းပြပြီး အနောက်အုပ်စုက စစ်ရေးအရအရေးယူမှုများကို မိမိတို့ စိုးရိမ်ထိတ်လန့်မှုရှိမည်မဟုတ်ကြောင်း အီရန်သမ္မတအာမက်ဒိန်ရတ်က ပြောကြားသည်။

(အင်တာနက်)

သူတို့အတွေးနှင့် အမြင်

* *Generosity is the accompaniment high birth, pity and gratitude are the attendants.*

သဘောထားကြီးမြတ်မှုသည် မှန်ကန်ပြည့်ဝစွာ မွေးဖွားလာခြင်းနှင့်တွဲ၍ ပါလာသည့်အရာဖြစ်သည်။ သနားကြင်နာခြင်းနှင့် ကျေးဇူးတရားသည် နောက်ပါခြွေရံများဖြစ်ကြသည်။

ပိုင်ရီကော်နီလီ

ပြင်သစ်လူမျိုးပြဇာတ်ရေးဆရာ

* *Civilization and profits go hand in hand.*

ယဉ်ကျေးမှုနှင့် အကျိုးဖြစ်ထွန်းမှုများသည် ဒွန်တွဲလျက်ရှိသည်။

ကယ်လ်ဗင်ကိုလိချ်

အယောက် ၃၀မြောက် အမေရိကန်သမ္မတ

အီရတ်၌ ကားဗုံးပေါက်ကွဲ ၁၆ဦး သေဆုံး၊ ၉၄ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၉

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ လူစည်ကားရာ ဈေးကြီးအတွင်း ဇူလိုင် ၁၇ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၁၆ဦး သေဆုံးပြီး ၉၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

သေဆုံးမှုအများဆုံး

မိုလ်ဆူးမြို့အနောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ တယ်အဖာမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၃၀ခန့်၏ အခြေအနေမှာစိုးရိမ်ဖွယ်ရှိကြောင်း၊ ပြီးခဲ့သည့် သုံးလအတွင်း သေဆုံးမှုအများဆုံး ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားလျက်ရှိ

အီရတ်နိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုများ လျော့နည်းလာခဲ့သော်လည်း မိုလ်ဆူးမြို့နှင့် ဒီရာလာ ပြည်နယ်များတွင်မူ ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နည်းပညာသိပ္ပံ

မောက်စ်သုံးစရာမလိုသည့် ကွန်ပျူတာများ ထုတ်လုပ်မည်

လန်ဒန် ဇူလိုင် ၁၉

ကွန်ပျူတာကို တွင်ကျယ်စွာ စတင်အသုံးပြုခဲ့သည့်အချိန်မှစတင်ကာ နှစ်ပေါင်း ၄၀အတွင်း ကွန်ပျူတာဖန်သားပြင်ပေါ်ရှိ ညွှန်ပြမြား၏ ရွေ့လျားမှုကို ထိန်းပေးရန် လက်ဖြင့်ရွှေ့ပေးရသော ကိရိယာ (မောက်စ်)၏ အသုံးပြုအခန်းကဏ္ဍမှာ မကြာမီ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ ကွန်ပျူတာပညာရှင်များက ဇူလိုင် ၁၈ရက်၌ ပြောကြားသည်။

သုံးစွဲရန်စီစဉ်

ကွန်ပျူတာဖန်သားပြင်ပေါ်မှ သတင်းအချက်အလက်နှင့် ပုံရိပ်များကို ရွှေ့လျားမှုစွမ်းအင်ဆိုင်ရာနည်းဖြင့် အသုံးပြုသည့်စနစ်ကို လာမည့်နှစ်အနည်းငယ်အတွင်း ကွန်ပျူတာများ၌ သုံးစွဲရန်စီစဉ်နေပြီဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ကွန်ပျူတာကို အိမ်တွင်ဖျော်ဖြေရေးအဖြစ် ကြည့်ရှုနေသော ဗီဒီယိုနှင့်ရုပ်မြင်သံကြားစက်ရှေ့တွင်ထားရှိကာ ဗီဒီယိုဖန်သားပြင်ပေါ်၌ပေါ်လာသော ပုံရိပ်များ၏ လှုပ်ရှားမှုလိုင်းများဖြင့် ကွန်ပျူတာ၏ရှေ့တွင်ကိုင်တွယ်ကာ လက်ညှိုးဖြင့်ထိုးကာ ကွန်ပျူတာကို ခိုင်းစေခြင်းဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ ပုံရိပ်ရွေ့လျားမှုစွမ်းအင်ဆိုင်ရာနည်းစနစ်ကို အသုံးပြုထားသည့် ကွန်ပျူတာများအား နှစ်အနည်းငယ်အတွင်းထုတ်လုပ်ကာ ကမ္ဘာ့ဈေးကွက်သို့ စတင်မိတ်ဆက်ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ မောက်စ်မပါတော့သည့် ကွန်ပျူတာများကို သုံးစွဲနိုင်ခြင်းကြောင့် လုပ်ငန်းများ ယခင်ထက်ပိုမိုလျင်မြန်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာမှုခင်းဖြစ်ရပ်

မထင်မှတ်သောအန္တရာယ် ပေါ်ပေါက်ခဲ့ရာဝယ်

လန်ဒန်မြို့သည် ဗြိတိန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေထူထပ်လှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ အလုပ်အကိုင် ပေါများပြီး ဘဝတက်လမ်းရှာလိုသူများအတွက် ကောင်းသည်။ သို့သော်လည်း လန်ဒန်မြို့တွင် ရာဇဝတ်မှုခင်း မကြာခဏ ဖြစ်ပွားတတ်သည့်အတွက် ရိုးသားအေးဆေးစွာ နေထိုင်လိုသူများအတွက် ကျီးလန့်စာစားဖြစ်ကာ အသက်အန္တရာယ် စိုးရိမ်နေကြရလေ့ရှိသည်။ မထင်မှတ်သော အန္တရာယ်က အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့်အတွက် လူကောင်းများအဖို့ အမြဲသတိနှင့် နေထိုင်ကြရလေသည်။

ပညာသင်ကြား

လန်ဒန်မြို့မြောက်ပိုင်း စတုတ်နီဝင်တန်အရပ် ဖာလက်ချ်လမ်းတွင် ဒေးဗစ်နိုဝက်ခ် **(အပေါ်ယာပုံ)**ဆိုသူ အသက် ၁၆နှစ်အရွယ် လူငယ်လေးတစ်ဦးနေထိုင်သည်။ သူသည် မိဘများနှင့်အတူ အေးချမ်းစွာနေထိုင်ပြီး တက္ကသိုလ်ဝင်တန်းတွင် အေးဆေးစွာပညာသင်ကြားနေသူတစ်ဦး ဖြစ်သည်။

ဒေးဗစ်နိုဝက်ခ်သည် ပညာရေးတွင် ကြိုးစားကာ ထူးချွန်ထက်မြက်သော လူငယ်တစ်ဦးဖြစ်သကဲ့သို့ အပေါင်းအသင်းအပေါ်တွင်လည်းခံ့မင်တတ်သောလူငယ်တစ်ဦးဖြစ်သည်။ ဒေးဗစ်သည်အိမ်နီးချင်းပတ်ဝန်းကျင် အသိုင်းအဝိုင်းများနှင့် သင့်တင့်လျောက်ပတ်စွာ နေထိုင်တတ်သကဲ့သို့ မိတ်ဆွေသူငယ်ချင်းများနှင့်လည်း ပြေပြစ်စွာပေါင်းသင်းပြီး အနစ်နာခံတတ်သူတစ်ဦး ဖြစ်သည်။

ဒေးဗစ်နိုဝက်ခ်သည် ပညာရေးတွင် ကြိုးစားကာ ထူးချွန်ထက်မြက်သောလူငယ်တစ်ဦး ဖြစ်သကဲ့သို့ အပေါင်းအသင်းအပေါ်တွင်လည်း ခံ့မင်တတ်သော လူငယ်တစ်ဦးဖြစ်။

ဒေးဗစ်သည် အိမ်နီးချင်း ပတ်ဝန်းကျင် အသိုင်းအဝိုင်းများနှင့် သင့်တင့်လျောက်ပတ်စွာ နေထိုင်တတ်သကဲ့သို့ မိတ်ဆွေ သူငယ်ချင်းများနှင့်လည်း ပြေပြစ်စွာပေါင်းသင်းပြီး အနစ်နာခံတတ်သူ တစ်ဦးဖြစ်။

စောစောသွားခဲ့

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၅ရက်က ဒေးဗစ်နေထိုင်ရာအိမ်နှင့် မိုင်ဝက်ခန့်ဝေးသောအရပ်ရှိအိမ်တွင် သူငယ်ချင်းတစ်ဦး၏ မွေးနေ့ပါတီပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ဒေးဗစ်သည် အပေါင်းအသင်း ခံ့မင်တတ်သူတစ်ဦးပီပီ သူငယ်ချင်း၏မွေးနေ့ပွဲသို့ ထိုနေ့ည စောစောပိုင်းကတည်းက သွားရောက်ခဲ့လေသည်။ ပါတီပွဲသည် ည ၉နာရီခန့်မှ စတင်ကာ ည၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ သို့သော်လည်း မွေးနေ့ရှင်သည် အခင်မင်ဆုံးသူငယ်ချင်းဖြစ်သည့်အတွက် စောစောသွားခဲ့ခြင်း ဖြစ်သည်။

ရန်စ

ဒေးဗစ်သည် သူငယ်ချင်း၏ ပါတီပွဲချိန်ကုန်ဆုံးသည်အထိ မနေတော့ဘဲ ည ၁၁နာရီခန့်တွင် အခြားသူငယ်ချင်း သုံးဦးနှင့်အတူ အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့ကြသည်။ ဆိုမာဖို့ဒ်ဂရို့ဗ်အရပ်သို့ ရောက်သောအခါ သူတို့ကဲ့သို့ လူငယ် ၂၀ခန့်ပါဝင်သော အုပ်စုတစ်စုနှင့် မထင်မှတ်ဘဲ ပက်ပင်းတိုးခဲ့လေသည်။ ထိုအခါ ယင်းအုပ်စုထဲတွင် ပါဝင်သော လူငယ်တစ်ဦးမှာ ဒေးဗစ်နှင့်အတူ ပါလာသော သူငယ်ချင်းတစ်ဦးနှင့် ရန်ငြိုးရန်စရှိခဲ့ဖူးသဖြင့် ရန်စလေတော့သည်။

ဒဏ်ရာများရရှိခဲ့ကြ

ဒေးဗစ်တို့လေးဦးမှာ လူအင်အားနည်းသည်ကတစ်ကြောင်း၊ ရန်မဖြစ်လိုသည်ကတစ်ကြောင်းတို့ကြောင့် အနီးရှိအားကစားကွင်းတစ်ကွင်းအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ သို့သော်လည်း ရန်စတိုက်ခိုက်သောလူငယ်အုပ်စုက သူတို့၏နောက်မှ ထက်ကြပ်မကွာလိုက်ပါလာပြီး ဓားဖြင့်ထိုးခဲ့မှုကြောင့် သူတို့လေးဦးစလုံး ဒဏ်ရာများရရှိခဲ့ကြသည်။

ဒဏ်ရာအပြင်းထန်ဆုံးသော ဒေးဗစ်အား လန်ဒန်တော်ဝင်ဆေးရုံကြီးသို့ ချက်ချင်း ပို့ဆောင်ကုသခဲ့သော်လည်း အသည်းနှင့်ကျောက်ကပ်တို့တွင်ရရှိခဲ့သော ဒဏ်ရာကြောင့် သေဆုံးခဲ့လေသည်။ သူနှင့်အတူ လိုက်ပါလာသော သူငယ်ချင်းသုံးဦးအနက် တစ်ဦးမှာ စိုးရိမ်ရသော်လည်း အသက်အန္တရာယ်မထိခိုက်ခဲ့ပေ။ ၂၀၀၇ခုနှစ်အတွင်း အကြမ်းဖက်ခံရပြီး သေဆုံးခဲ့သည့် လူငယ်များတွင် ဒေးဗစ်သည် ၂၅ဦး မြောက်ဖြစ်သည်။ ယင်းအမှုနှင့်ပတ်သက်ပြီး လူငယ် ၁၉ဦးကိုဖမ်းဆီးခဲ့ရာ အသက် ၁၇နှစ်ရှိလူငယ်တစ်ဦးအား အာမခံပေးကာ ကျန် လေးဦးအား အပြီးအပြတ်လွှတ်ပေးခဲ့သည်။

ပေးဆပ်ရပေဦးမည်

ဒေးဗစ်သေဆုံးမှုနှင့် ပတ်သက်၍ စုစုပေါင်းလူငယ်၁၂ဦးအား လူသတ်မှု၊လူသတ်ရန် ကြိုးစားမှု၊ ဝရန်းသုန်းကား အကြမ်းဖက်မှု၊ လက်နက်လက်ဝယ်ပိုင်ဆိုင်မှုတို့ဖြင့်တရားစွဲဆိုခဲ့သည်။ အမှုကိုတရားရုံးက ယနေ့အထိ စစ်ဆေးဆဲပင်ဖြစ်သည်။ ၎င်းတို့သည် ကျူးလွန်ခဲ့သောပြစ်မှုအတွက် ကာလကြာရှည်စွာ ပေးဆပ်ရပေဦးမည်။

ယခုဖြစ်ရပ်တွင် ဝရန်းသုန်းကား အကြမ်းဖက်သူလူငယ်တစ်စုကြောင့်အပြစ်မဲ့သူ ဒေးဗစ်နိုဝက်ခ်မှာသေဆုံးခဲ့ရပြီး ကျန်သုံးဦးမှာ ဒဏ်ရာရရှိခဲ့ရသည်။ အေးချမ်းစွာနေထိုင်သော ဒေးဗစ်နိုဝက်ခ်သည် မထင်မှတ်သော အန္တရာယ်ပေါ်ပေါက်ခဲ့သောကြောင့် အသက်သေဆုံးပြီး ဘဝပျက်ခဲ့ရသော ဖြစ်အင်ကို သင်ခန်းစာယူဖွယ် ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးသားသည်

ဘဝအမောပြေ

ဖြေဆိုလိုက်ပုံက . . . .

ကျောင်းဆရာမတစ်ဦးက မူလတန်းကျောင်းသားလေးများအား စာမေးလေသည်။

ဆရာမ ။ ။ ကဲ…စမစ်ထပါ၊ တစ်ပြီးရင်ဘာလဲ။

စမစ် ။ ။ နှစ်ပါဆရာမ။

ဆရာမ ။ ။ ဂျွန်ပြောပါဦး…နှစ်ပြီးရင် ဘာလဲ။

ဂျွန် ။ ။ နှစ်ပြီးရင် သုံးပါဆရာမ။

ဆရာမ ။ ။ ဟုတ်ပြီ၊ ကဲ…ဟန်နီ ထပါ၊ သုံးပြီးရင်ဘာလဲ ဖြေပါဦး။

ဟန်နီ ။ ။ လေးပါဆရာမ။

ဆရာမ ။ ။ မှန်တယ်၊ ကဲ…ဂျော့ ထပါ၊ လေးပြီးရင် ဘာလဲ။

ဂျော့ ။ ။ လေးပြီး ငါးပါဆရာမ။

ဆရာမ ။ ။ အေး…မှန်ပါတယ်၊ ငါးပြီးရင် ဘာဖြစ်မလဲ။

ဂျော့ ။ ။ ငါးပြီးရင် ငါးခြောက်ရမှာပါ။

ဆရာမ ။ ။ **“ဟေ”**

အင်တာနက် ကျန်းမာရေး



ကိုယ်ဝန်ဆောင်စဉ် အခွံမာသီးစားသုံးလျှင် ရင်သွေးငယ်များ ပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားနိုင်

နယူးယောက် ဇူလိုင် ၁၉

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း မိခင်များအနေဖြင့် အခွံမာအသီးများ သို့မဟုတ် အခွံမာအသီးများမှ ထုတ်လုပ်ထားသော အစားအစာများကို စားသုံးခြင်းသည် မွေးဖွားလာသောကလေးငယ်၌ ပန်းနာရင်ကျပ်ရောဂါ ခံစားရတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

သတိပေးထား

အခွံမာအသီးများတွင် ပါဝင်သောဓာတ်ပေါင်းက ခန္ဓာကိုယ်အတွင်း ဓာတ်ပြုမှုဖြစ်ကာ အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သည်ဟု ၎င်းတို့က သတိပေးထားသည်။

အခွံမာအသီးတွင် ပါဝင်သောဓာတ်များက ခန္ဓာကိုယ်အတွင်းရောက်သည့်အခါ သွေးအတွင်း၌လည်းကောင်း၊ အစာအိမ်အတွင်း၌လည်းကောင်း ချေဖျက်ရခက်ခဲသည့် အဆီခဲများအဖြစ် မြင်တွေ့ရသည်ဟု ၎င်းတို့ကဆိုသည်။ အခွံမာအသီးများမှာ အုန်းသီး၊ သစ်ကြားသီး၊ သစ်အယ်သီး၊ မြေပဲနှင့် အခြားအသီးများ ဖြစ်ကြသည်။

ကိုးကား အင်တာနက်

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

20-7 (05).pmd 1 7/21/2008, 2:23 AM

မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို "နှဲ့" နိုင်စွမ်းမရှိတဲ့ ကိုလိုနီစော်နံမီဒီယာများ(၂)

(၁၆-၇-၂၀၀၈ရက်နေ့မှ အဆက်)

ဒီနေ့ ကမ္ဘာ့အင်အားလွန် နိုင်ငံကြီးရဲ့မူဝါဒ သို့မဟုတ် လက်တွေ့လုပ်ရပ်များကိုကြည့်လျှင် သူနဲ့မပြေလည်တဲ့နိုင်ငံများ၊သူ့ဩဇာမခံ၊စွက်ဖက်ချုပ်ချယ်မှု ပယ်လှန်တဲ့ နိုင်ငံများ၊ သူက ပစ်မှတ်အဖြစ် သတ်မှတ်ထိုးနှက် တိုက်ခိုက်နေတဲ့ နိုင်ငံများမှလူများကို သူပုန်သူကန်ထဲမှ ဖြစ်စေ၊ ပညာတတ်ထဲက ဖြစ်စေ၊ ဆန့်ကျင်ဘက် အတိုက်အခံများထဲကဖြစ်စေ သူတို့နိုင်ငံအတွင်း ခေါ်ယူသိမ်းသွင်း မွေးမြူထားခဲ့ပါတယ်။ အချိန်အခါ၊ အခြေအနေ၊ အကြောင်းအရာအလိုက် ထိုလူများကို ဆွဲထုတ်အသုံးချကာ ပစ်မှတ်နိုင်ငံများကို နှောင့်ယှက်ဖျက်ဆီးလေ့ရှိတယ်။ သူကမကြိုက်၊ သူ့ဩဇာမခံတဲ့ အစိုးရအဖွဲ့များကို (ဒီမိုကရေစီအစိုးရဖြစ်စေ)ဖြုတ်ချရန် အားထုတ်တတ်ပါတယ်။ ဒီလိုနဲ့ပဲ နိုင်ငံစုံပြည်ပြေးများ သန်းချီပြီး အဲဒီနိုင်ငံကြီးမှာ ရှိနေတာပါ။ မြန်မာပြည်ပြေးများကိုလည်း သောင်းချီလက်ခံထားတာ အားလုံးအသိပါ။ အခုလို နိုင်ငံတကာကို ၎င်းတို့ လက်ဝါးထဲထည့်ပြီး သွန်လိုသွန်၊ မှောက်လိုမှောက်နိုင်ဖို့ စီးပွားရေးလက်ဝါးကြီးအုပ်ခြင်း၊ စီးပွားရေး မက်လုံးပေးခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကျင့်သုံးခြင်းတို့ လုပ်ခဲ့တယ်။ ဒီလိုလုပ်ပြီး နိုင်ငံတစ်ခုရဲ့ စီးပွားရေးကို ထိခိုက်ပျက်စီး ချွတ်ခြုံကျစေတယ်။ နိုင်ငံရေးတိုက်ကွက်အဖြစ် ပြည်ပြေး၊ အတိုက်အခံများနဲ့ အာဏာရများအကြား၊ ပစ်မှတ်နိုင်ငံရှိ ပြည်သူများအကြား၊ ပြည်သူနှင့်အစိုးရအကြား၊ ယင်းနိုင်ငံအစိုးရနှင့် နိုင်ငံတကာအကြား စိတ်ဝမ်းကွဲအောင် သွေးခွဲတယ်၊ ရန်တိုက်ပေးတယ်၊ သပ်လျှိုတယ်။ လိုအပ်လျှင် အကြောင်းတစ်ခုခုပြပြီး စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တယ်။ အကြောင်းပြချက်ဆိုတာကလည်း တစ်ခုမှ မမှန်ကန်ပါဘူး။

နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး ကျူးကျော်စွက်ဖက် ခြေရှုပ်နိုင်ဖို့ လက်သပ်မွေးထားတဲ့ ထောက်လှမ်းရေးအဖွဲ့များသုံးပြီး ပြည်တွင်းရေးမှာ ဝင်စွက် စေတယ်။ မီဒီယာများကို အသုံးပြုပြီး မှိုင်းတိုက် အမှောင်ဖုံးစေတဲ့ သတင်းလိမ် အတတ်ပညာ (အမည်းရောင် သတင်းစာပညာ = Black Journalism) သို့မဟုတ် မိုးလုံးပြည့်မုသားများဖြင့် ရစ်ပတ်တဲ့ ပြောင်းပြန်ဇောက်ထိုး သတင်းပြန်ကြားရေး (Disinformation) နည်းများ သုံးစွဲရင်း မှိုင်းတိုက် ပုံသွင်းတယ်၊ စိတ်ဓာတ် စစ်ဆင်တယ်။ မူလကိုယ်ပိုင်အသိတရား ပျောက်ကွယ်ကာ ၎င်းတို့ သိစေလိုသမျှသာ သိအောင် ဦးနှောက်ဆေးကြောခြင်း(Brain wash) လုပ်တယ်။ ယခုအခါ မြန်မာနိုင်ငံမှာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက မုသားသတင်းများဖြင့် ပြည်သူကို လှည့်ဖြားကာ ကောလာဟလ အလိမ်အကောက်များသုံးပြီး Brain wash လုပ်နေကြတာ တွေ့ရမှာပါ။

အဲဒီနိုင်ငံကြီးက အဖွဲ့အစည်းကြီးတစ်ခုဟာ BBC၊ VOA၊ RFA၊ DVB တို့မှာ နိုင်ငံများစွာက အတိုက်အခံတွေ၊ ပြည်ပြေးတွေကို ထိုးသွင်းထားတယ်။ ယခင်ဆိုဗီယက်နဲ့ စစ်အေးတိုက်ရာမှာ အသုံးပြုတဲ့ ကလိမ်ကကျစ် အသံလွှင့်စနစ်သုံးခဲ့တဲ့ အတွေ့အကြုံကို သဘောကျပြီး မုသားအသံလွှင့်ဌာနသစ်များစွာ တည်ထောင်ကာ ကမ္ဘာ့လေလှိုင်းကို လွှမ်းမိုးချုပ်ကိုင်ထားပါတယ်။

စစ်အေးကာလ ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီးမှာ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံ(ရှစ်ခု) ထိုးနှက်ဖြိုချ ဖျက်ဆီးရေးအတွက် RFE (Radio Free Europe) လွတ်လပ်တဲ့ ဥရောပရေဒီယိုကိုလည်းကောင်း၊ မြူးနစ်မြို့ပြင်မှာပင် ဆိုဗီယက်(ရုရှား)ကို ထိုးနှက်ဖြိုချ ဖျက်ဆီးရေးအတွက် Radio Liberty or Radio Liberation (လွတ်မြောက်ရေးရေဒီယို)တို့ကို လည်းကောင်း၊ အဲဒီအဖွဲ့ကြီးက တည်ထောင်ပြီး သက်ဆိုင်ရာနိုင်ငံများမှပြည်ပြေးများကို ခန့်ထားလျက် သူတို့ရေးပေးသမျှ လွှင့်ထုတ်နေပါတယ်။ ၁၉၉၁ခုနှစ်နှောင်းပိုင်း ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲလုနီးနီးအချိန်တွင် BBC, VOA, RFE, Radio Liberty တို့ဟာ ၂၄နာရီလုံး မပြတ်လွှင့်ထုတ် ဘေးတီးသပ်လျှိုပေးခဲ့ကြတယ်။

ကျူးဘားနိုင်ငံမှာ ၁၉၅၉ခုနှစ်ကတည်းက ဖီဒယ်ကက်စထရို ဦးဆောင်တဲ့ အစိုးရတက်ခဲ့တယ်။ အဲဒီအစိုးရဟာ ယနေ့တိုင် တည်မြဲဆဲဖြစ်တယ်။ ဒါကို အဲဒီအဖွဲ့ကြီးက ကျူးဘားအပါအဝင် လက်တင်အမေရိကရှိ ဆိုရှယ်လစ်အစိုးရများကို ထိုးနှက်ဖြုတ်ချရန် Radio Swan (ရေဒီယိုဆွမ်း)ကို ဦးစွာတည်ထောင်ပြီး နောက်ပိုင်း Radio Hose Merti (ရေဒီယိုဟိုဆေးမာတီ)၊ TV Merti (ရုပ်မြင်သံကြားမာတီ)ကို တည်ထောင်ကာ သတင်းများ မှိုင်းတိုက်ခဲ့တာ တွေ့နိုင်ကြပါတယ်။

၁၉၈၉ခုနှစ် မေလ၊ဇွန်လတို့မှာ တရုတ်နိုင်ငံ တီယန်မင်ရင်ပြင်မှာ ပြည်ပပယောဂ (အထူးသဖြင့် အဲဒီအဖွဲ့အစည်းကြီးရဲ့လက်ချက်)နဲ့ ဆူပူမှုဖြစ်ပွားခဲ့တယ်။ ၁၉၈၉ခုနှစ် ဇွန်လ၄ရက်နေ့ အခြေအနေအားလုံး ပြီးဆုံးသွားပြီးနောက်မှာ အဲဒီအဖွဲ့ကြီးကပဲ ဟောင်ကောင်မှတစ်ဆင့် တရုတ်ဆူပူရေးသမား အချို့ကို ခေါ်ထုတ်သွားတယ်။ ချီကာဂိုမြို့အနီးမှာ June Four (ဇွန်-လေး)အသံလွှင့်ရုံ ထောင်ပေးပြီး တရုတ်ပြည်ပြေးများအား တရုတ်အစိုးရဆန့်ကျင်ရေး မုသားသတင်းများ ထုတ်လွှင့်စေခဲ့တယ်။

အရှေ့ဥရောပနိုင်ငံများမှ ဆိုရှယ်လစ်အစိုးရများ ဖြုတ်ချရာမှာ RFE (လွတ်လပ်သော ဥရောပရေဒီယို)ရဲ့ လွှင့်ထုတ်ချက်များ ထိရောက်မှုရှိတဲ့အတွက် အာရှမှ တရုတ်နိုင်ငံနဲ့ တရုတ်ပြည်နယ်ဖြစ်တဲ့ တိဗက်ဒေသတို့ကို ထိုးနှက်ဖြိုခွဲရန်၊ ဗီယက်နမ်နဲ့ မြောက်ကိုရီးယားမှ လက်ဝဲအစိုးရများ ဖြုတ်ချနိုင်ရန်၊ မြန်မာနိုင်ငံမှ အမျိုးသားရေးအလေးထားသော အစိုးရနဲ့ အမျိုးသားရေး အင်အားစုများကို ထိုးနှက်တိုက်ခိုက်နိုင်ရန် သတင်းမှားလွှင့်ထုတ်စက်လို့ ဆိုနိုင်တဲ့ RFA=Radio Free Asia ကို သူတို့ကပဲ ဝါရှင်တန်မြို့တော်မှာ တည်ထောင်ပေးခဲ့တယ်။ RFA (အာရ်အက်ဖ်အေ) အသံလွှင့်ဌာနမှ တရုတ်ဘာသာ၊ တိဗက်ဘာသာ၊ ကိုရီးယားဘာသာ၊ ဗီယက်နမ် ဘာသာ၊ မြန်မာဘာသာတို့ဖြင့် နေ့/ည လွှင့်ထုတ်ပေးတယ်။ ယင်း RFA တွင် တရုတ်၊ တိဗက်၊ ဗီယက်နမ်၊ ကိုရီးယား၊ မြန်မာပြည်ပြေးများကို ခန့်ထားလွှင့်ထုတ်စေလျက်ရှိတယ်။

အနောက်က ကျွန်စော်နံတဲ့ မီဒီယာတွေ မည်မျှပင် နှောင့်ယှက်ပါစေ၊ အဲဒီအဖျက် မီဒီယာတွေကို နောကျေ နေပြီဖြစ်တဲ့ မြန်မာတို့အဖို့တော့ မိမိတို့ရဲ့ နိုင်ငံတော် ကောင်းကျိုး၊ မိမိတို့ အမျိုးသား အကျိုးစီးပွားကို ဆက်လက် ရယူနေမှာ ဖြစ်ပါတယ်။

လတ်တလောအမျိုးသားရေးအောင်ပွဲကြီး နှစ်ခုရခဲ့တာသာကြည့်ပါတော့။ ပထမအောင်ပွဲက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို တစ်ခဲနက် အတည်ပြုခဲ့တာဖြစ်ပါတယ်။ ဒုတိယအောင်ပွဲကတော့ နာဂစ်မုန်တိုင်းရဲ့ ပြင်းလှတဲ့ ဖျက်အားကို စေတနာရှင်များနဲ့ အစိုးရက အမျိုးသားအားမာန်နဲ့ နေ့ချင်းညချင်း အပြုအားနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အောင်မြင်နေတဲ့ အမျိုးသားရေးအောင်ပွဲကြီးဖြစ်။

တက္ကသိုလ်မြတ်သူ

ဒါတွင်မက ၁၉၈၈ခုနှစ် ဆူပူမှုမှာ သည်းသည်းလှုပ်ပါဝင်ခဲ့တဲ့ မြန်မာပြည်ပြေးများအတွက် ဥရောပမြောက်ပိုင်း နော်ဝေနိုင်ငံ အော့စလိုမြို့မှာ DVB အသံလွှင့်ရုံကို တည်ထောင်ပေးထားတယ်။ ၂၀၀၇ခုနှစ် စက်တင်ဘာလမှစ၍ DVB ပြည်ပြေးများအတွက် ရုပ်သံလွှင့်ချန်နယ်တစ်ခုကို ငှားပေးခဲ့တယ်။ RFE, Radio Liberty, Radio Swan, Radio Hose Merti, TV Merti, June Four, RFA, DVB, ရေဒီယိုရုပ်မြင်သံကြားတို့ကို အဲဒီအဖွဲ့ကြီးက ကြိုးကိုင်စီမံပြီး သူတို့နိုင်ငံကွန်ဂရက်က ငွေကြေး တနင့်တပိုး ထောက်ပံ့ထားတယ်။

အဲဒီအဖွဲ့ကြီးက အရာရှိဟောင်းများနဲ့ သတင်းစာဆရာများ ဖော်ထုတ်ရေးသားတဲ့ စာအုပ်များစွာမှာ အဲဒီအဖွဲ့ကြီးဟာ အမေရိကန်သတင်းစာဆရာရာပေါင်းများစွာနဲ့ အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ ဥရောပသတင်းစာဆရာ ထောင်ချီ သိမ်းသွင်းအသုံးချပြီး ၎င်းတို့ရဲ့ မုသားသတင်း ဖြန့်ချိရေးမှာ တာဝန်ပေးထားကြောင်း တွေ့ရတယ်။

၁၉၇၃ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက် ည ၁၁နာရီခွဲမှ ၁၈ရက်နေ့ နံနက်အကူး ၁နာရီ မိနစ်၂၀အထိ ပေကျင်းမြို့တော်ရှိ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး မော်စီတုန်းနေအိမ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာ၊ ဥက္ကဋ္ဌမော်စီတုန်း၊ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ယင်းဆွေးနွေးပွဲမှာ အဲဒီအဖွဲ့ကြီးက သတင်းများနဲ့ ပတ်သက်ပြီး ဆွေးနွေးကြပုံကို ကျော်ဝင်းဘာသာပြန်သော 'ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ' စာအုပ်မှ ကောက်နုတ်တင်ပြလိုက်ပါရစေ။

မော်စီတုန်း။ ။ဟုတ်ပြီ၊ အငေ့အငိုက်၊ အကွေ့အကောက်တွေ မပါဘဲ ဒဲ့ဒိုးပဲ ပြောကြ၊ ဆိုကြတာပေါ့။ တကယ်တော့ လှည့်တယ်၊ ပတ်တယ်ဆိုတာ တယ်အသုံးမဝင်လှပါဘူးဗျာ။ ကျွန်တော်ခင်ဗျားတို့ အမေရိကန်သတင်းထောက် မစ္စတာ အဂ္ဂါစနိုးကိုတောင် ပြောခဲ့ဖူးသေးတယ်။ ခင်ဗျားတို့ အဖွဲ့ကြီးက သတင်းတွေဟာ ဝေ့လည်ကြောင်ပတ်နဲ့ မစွံဘူးလို့။

ကစ်ဆင်ဂျာ။ ။ကျွန်တော် လုံးဝကို သဘောတူပါတယ်။ ဥက္ကဋ္ဌကြီး ပြောတဲ့အတိုင်းပဲ ဖြစ်ခဲ့တာပါ။

အဲဒီအဖွဲ့ကြီးရဲ့ ကလိမ်ကကျစ် သတင်းနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးမော်စီတုန်းနဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဟင်နရီကစ်ဆင်ဂျာတို့ရဲ့ ၁၉၇၃ခုနှစ် ဆွေးနွေးပွဲမှာကတည်းက သရုပ်ပေါ်ခဲ့ပြီးသားပါ။ ဒီကနေ့ ကမ္ဘာ့နိုင်ငံများစွာကို ကူလီကူမာသတင်းဖြန့်ချိရေး လုပ်ငန်းများသုံးပြီး ပြည်တွင်းရေးတွေ ဝင်စွက်နေတဲ့၊ သတင်းစာကျင့်ဝတ်သိက္ခာ ကင်းမဲ့တဲ့ အနောက်အုပ်စုရဲ့ လုပ်ရပ်တွေဟာ ကမ္ဘာ့တံတွေးခွက်ထဲ ပက်လက်မျောနေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးမရမီကစပြီး ဒီကနေ့ လွတ်လပ်ရေးသက်တမ်း နှစ်၆၀ပြည့်ပြီးသည့် နောက်ပိုင်းတစ်လျှောက် မြန်မာတို့က လွတ်လပ်ရေး ရအောင်၊ ပြည်တွင်းငြိမ်းချမ်း တည်ငြိမ်အောင်၊ မိမိတို့ ရေကောင်း၊ မြေကောင်း၊ သယံဇာတကောင်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်ကြွယ်ဝတဲ့ နိုင်ငံဖြစ်အောင်၊ နိုင်ငံငြိမ်းချမ်းရေးတည်ငြိမ်မှုရယူပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး အဆင့်ခုနစ်ဆင့်လုံး အောင်မြင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီနဲ့ လက်တွဲဆောင်ရွက်နေကြတာ အားလုံးအသိအမြင်ပါ။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ အဖျက်လုပ်ရပ်တွေ ကျော်လွှားဖြတ်နင်းပြီး အောင်မြင်မှုတွေ တစ်သီကြီးရရှိနေပြီလည်း ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးရေး တည်ဆောက်မှုလုပ်ငန်းကို ဖျက်လိုဖျက်ဆီး လုပ်ဖို့ စီးပွားရေးပိတ်ဆို့တာမျိုး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံက ဆွဲထုတ်ပစ်ဖို့လုပ်တာမျိုး၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းတယ်၊ လူ့အခွင့်အရေး ချိုးဖောက်တယ် စတဲ့ မမှန်မကန် စွပ်စွဲချက်တွေနဲ့ နှောင့်ယှက်တာမျိုး တောက်လျှောက်လုပ်နေကြတာလည်း မြန်မာတိုင်း သိကြပါတယ်။ ရရှိတဲ့ ငြိမ်းချမ်းရေး ပျက်ရာပျက်ကြောင်း သွေးခွဲသပ်လျှို၊ လက်ကျန် သောင်းကျန်းသူတွေကို ဒေါ်လာပုံအော ထောက်ပံ့တာမျိုးလည်း ဆက်တိုက်လုပ်နေကြတာပါပဲ။

ဒီမိုကရေစီလမ်းပြမြေပုံရဲ့ အဆင့်တိုင်းမှာလည်း နှောင့်ယှက်ကြတာပါပဲ။ အမျိုးသားညီလာခံကြီးဟာ အဖျက်သမားစုံရဲ့ နှောင့်ယှက်မှုကို ကျော်လွှားအောင်မြင်ခဲ့တာပါ။ အခြေခံဥပဒေရေးဆွဲခါနီး ပြည်ပနဲ့ ပြည်တွင်း အဖျက်သမားတို့ လက်ဝါးချင်းရိုက်ပြီး ဆူပူမှုဖန်တီးခဲ့ကြတော့လည်း မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တွန်းလှန်ပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့ကြတာပဲ။ အခြေခံဥပဒေကို အပြီးတိုင် ရေးဆွဲနိုင်ခဲ့တာပါပဲ။

အခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူရာမှာလည်း ပြည်တွင်းကနှောင့်၊ ပြည်ပကနှောင့်နဲ့ ပြည်ပြေးမီဒီယာ BBC, VOA, RFA, DVB တို့ဆိုရင် အသံလွှင့်ချိန်တွေ တစ်နေ့ ငါးကြိမ်အထိတိုးပြီး လေလှိုင်းနဲ့ဖျက်ခဲ့ကြတာပါပဲ။ ဒါပေမယ့် အဖျက်မီဒီယာယန္တရားရဲ့ လုံးဝမှုမမှန်တာ သိနေပြီဖြစ်တဲ့ မြန်မာတိုင်းရင်းသားပြည်သူတွေက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြလို့ ထောက်ခံမှု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းနဲ့ အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် မေလ ၂ရက်နေ့နဲ့ ၃ရက်နေ့ နာဂစ်မုန်တိုင်းကြီး မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့အတွင်း ဝင်ရောက် တိုက်ခတ်ခဲ့တဲ့အတွက် ရှစ်သောင်းကျော်သေဆုံး၊ ငါးသောင်းကျော်ပျောက်ဆုံး၊ တစ်သောင်းကျော် ထိခိုက်ဒဏ်ရာရခဲ့တယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်တွင်း၊ပြည်ပ စေတနာရှင်၊ အလှူရှင်များက ငွေကြေး၊ ပစ္စည်းများပုံအောပြီး လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးလုပ်ငန်း ဆက်တိုက်လုပ်ခဲ့ကြတယ်။ မြန်မာတို့ရဲ့ အမျိုးသားရေး စေတနာစိတ်ထားအဟုန်ကြောင့် လေဘေးသင့်ဒေသတွေဟာ ဒီကနေ့ အိုးသစ်၊ အိမ်သစ်၊ ရွာသစ်၊ မြို့သစ်၊ လမ်းသစ်များနဲ့ ဝေဝေစည်စည်ဖြစ်လာပါပြီ။ ဒီလေဘေးကိုလည်း ပြည်တွင်း၊ ပြည်ပက ဝင်ရောက်နှောင့်ယှက်ခဲ့ကြတာ အားလုံး သိတဲ့အတိုင်းပါပဲ။

အနောက်က ကျွန်စော်နံတဲ့ မီဒီယာတွေ မည်မျှပင် နှောင့်ယှက်ပါစေ၊ အဲဒီအဖျက် မီဒီယာတွေကို နောကျေနေပြီဖြစ်တဲ့ မြန်မာတို့အဖို့တော့ မိမိတို့ရဲ့ နိုင်ငံတော်ကောင်းကျိုး၊ မိမိတို့အမျိုးသားအကျိုးစီးပွားကို ဆက်လက်ရယူနေမှာ ဖြစ်ပါတယ်။ လတ်တလော အမျိုးသားရေးအောင်ပွဲကြီးနှစ်ခု ရခဲ့တာသာကြည့်ပါတော့။ ပထမအောင်ပွဲက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို တစ်ခဲနက် အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒုတိယအောင်ပွဲကတော့ နာဂစ်မုန်တိုင်းရဲ့ ပြင်းလှတဲ့ ဖျက်အားကို စေတနာရှင်များနဲ့ အစိုးရက အမျိုးသားအားမာန်နဲ့ နေ့ချင်းညချင်း အပြုအားနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်နေတဲ့ အမျိုးသားရေးအောင်ပွဲကြီး ဖြစ်ကြောင်းပါခင်ဗျား။ ။

ပညာရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက် ကြည်ညို

နေပြည်တော် ဇူလိုင် ၁၉

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီး ဒေါက်တာဒေါ်စန္ဒာအောင်တို့အား အမှူးထား၍ ပညာရေးဝန်ကြီးဌာနမိသားစု၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာလယ်တီစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓ အမှူးပြုသော ကန်နားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍက၊ မရမ်းမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် ဇနီး ဒေါက်တာဒေါ်စန္ဒာအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာလယ်တီ စံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး မဟာလယ်တီစံကျောင်းတိုက် ဆရာတော်ထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အနောက်တောင်တိုင်းစစ်ဌာနချုပ် ဗုဒ္ဓဒေသနာတော် ဓမ္မစကြာရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ဆုပေးပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၀၈ခုနှစ် ဗုဒ္ဓဒေသနာတော် ဓမ္မစကြာရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၈ နာရီက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် ဧရာဝတီတိုင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဇနီးဒေါ်ဝင်းဝင်းမော်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာကြားခဲ့ပြီး သံဃာတော်များအား တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆုပေးပွဲ ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၏ဇနီးများက ဂုဏ်ပြုဆုရအသင်းများအား ဂုဏ်ပြုဆုများပေးအပ်ကာ တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော်က တတိယ၊ ဒုတိယနှင့် ပထမဆုရဝတ်အသင်းတို့အား ဆုများပေးအပ်ကာ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ဝတ်ရွတ်စဉ်နှင့် ဖယောင်းတိုင်များအား တပ်ရင်းတပ်ဖွဲ့များအတွက် ကိုယ်စားလှယ်ထံ ပေးအပ်လှူဒါန်းသည်။

(၁၆)ကြိမ်မြောက် အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို မွန်းလွဲ ၁နာရီတွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီ ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ တိုင်းမှူးနှင့် ဇနီး ပရိသတ် အပေါင်းက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တိုင်းမှူးနှင့်ဇနီး၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာကြားကြသည်။

ရေစက်ချ

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ **(အပေါ်ပုံ)** မြောင်းမြကျောင်းတိုက် တိုက်အုပ်စာချ ဓမ္မကထိက ဘဒ္ဒန္တပညာသီရိရတနထံမှ အနုမောဒနာတရားနာကြားကြ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ယမန်နေ့ နံနက်၇နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ နန်းဦးပညာ သင်ကြားရေးနှင့် တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ အဆိုပါ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသေဋ္ဌထံမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းမိသားစုများက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဇနီး ဒေါ်နွဲ့နွဲ့နှင့်ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဓမ္မသေဋ္ဌက သာဓုအနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူပြီး ဝန်ထမ်းမိသားစုများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ပူးပေါင်းစီစဉ်မှုဖြင့် Basic Computer သင်တန်းအမှတ်စဉ် (၃/၂၀၀၈)ကို ဩဂုတ်၂ရက်မှစ၍ သုံးလကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ၁၅ဦးသာ လက်ခံသင်ကြားမည်ဖြစ်ရာ သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉တွင် ရယူနိုင်ပြီး ဩဂုတ်၁ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (က-ပ)

ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့ လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၉

လေဘေးသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၅၆၄၅၅၂၀၀၊ ချင်းပြည်နယ်မှ စေတနာရှင်ပြည်သူများကငွေကျပ် ၁၅၁၄၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၃၆၅၂၃၇၀၀ အပါအဝင်စေတနာရှင်ပြည်သူများ၏ ဇူလိုင် ၁၈ ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၄၂၂၅၀၃၂၂၃၅ ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရားရုံးချုပ်(ရန်ကုန်)ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး တရားရေးအရာရှိများအား တရားစီရင်ရေးဆိုင်ရာများ တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၁၉

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုးသည် တရားရုံးချုပ်(ရန်ကုန်)ရှိ တရားရေး အရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်းတရားသူကြီး၊ တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်နှင့်မြို့နယ်အတွင်းရှိ တရားသူကြီးများအား တရားစီရင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့ နံနက်၈နာရီက တရားရုံးချုပ်(ရန်ကုန်) မြေညီထပ်ရှိ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

လေ့လာမှတ်သား

ရှေးဦးစွာတရားရုံးချုပ်(ရန်ကုန်)ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး **(အပေါ်ပုံ)** က မှာကြားရာတွင် တရားသူကြီးများ အနေဖြင့် တရားစီရင်ရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ကြသူများပီပီ မိမိတို့၏ တရားစီရင်ရေးလုပ်ငန်းများကို ကောင်းစွာ ဆောင်ရွက်နိုင်ကြသူများဖြစ်သည်ဟု ယုံကြည်ကြောင်း၊ တရားသူကြီးများသည် မိမိတို့ကိုင်တွယ်စစ်ဆေးရသည့် ပြစ်မှုနှင့် တရားမမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆုံးဖြတ်ရန်လိုကြောင်း၊ ဥပဒေနှင့် ညီညွတ်သော တရားမျှတမှုရှိသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် အရေးကြီးကြောင်း၊ အဂတိတရားလေးပါး ကင်းရှင်းကြရန်လည်းလိုကြောင်း၊ အဂတိတရားကိုလိုက်ပြီး ဆုံးဖြတ်ကြလျှင် မိမိတို့၏ ဆုံးဖြတ်ချက်များသည် မှန်ကန်မျှတမှုရှိမည် မဟုတ်ကြောင်း၊ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နောင်ဖြစ်ပေါ်လာမည့် တရားစီရင်ရေး စနစ်တွင်တရားစီရင်ရေးမူများမှာ ပြောင်းလဲသွားမည် မဟုတ်ကြောင်း၊ တရားသူကြီးများသည် နောင်ပေါ်ပေါက်လာမည့် တရားစီရင်ရေးစနစ်အတွက် ယခုကတည်းက မိမိတို့၏ အရည်အချင်းကို တိုးတက်အောင် လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ တရားသူကြီးများသည် မိမိတို့ကိုင်တွယ်စစ်ဆေးရသည့် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပြီးပြတ်စေရေးအတွက် ကြိုးကြပ်ဆောင်ရွက်စေလိုကြောင်း၊ တရားရုံးချုပ်မှ အချိန်ကာလအလိုက် ထုတ်ပြန်သည့် ညွှန်ကြားချက်များကို အစဉ်တစိုက် လေ့လာမှတ်သားလိုက်နာကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

(သတင်းစဉ်)

လေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော သာကေတ အလိုတော်ပြည့်စာသင်တိုက်အတွင်းရှိ သိမ်တော်ကြီးအား ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)နှင့် ဗိုလ်ကြီးထွန်းအောင်သာ(ငြိမ်း)တို့ ဦးစီးသော ပြည်ငြိမ်းသူဆောက်လုပ်ရေးအဖွဲ့ အင်ဂျင်နီယာနှင့် လုပ်သားများ၏လုပ်အားဒါန၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန် ရှိန်မိသားစု၏ သွပ်နှင့်သစ် တန်ဖိုးငွေကျပ်၂၅သိန်းကျော်လှူဒါန်းမှုတို့ဖြင့် ပြန်လည်ပြုပြင်ပြီးစီးနေသော သိမ်တော်ကြီးအားတွေ့ရစဉ်။ (က-ပ)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ကိုယ်စားဦးလှဖေက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)



(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားမိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ဂူဗိမာန်၌ သခင်မြမိသားစုများ လွမ်းသူ့ပန်းခွေချ၍ ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘချို၏ဂူဗိမာန်၌ ဦးဘချိုမိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်းမိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးရာဇတ်၏ဂူဗိမာန်၌ ဦးရာဇတ်မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါအခမ်းအနားသို့ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

နေရာယူ

အစီအစဉ်အရ ၂၀၀၈ခုနှစ် (၆၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် နံနက် ၈နာရီတွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး အာဇာနည်ဗိမာန်ရင်ပြင်ပေါ်၌ နေရာယူသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

မေတ္တာပို့

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြု ခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့ အမျှပေးဝေပြီး နှစ်မိနစ်ငြိမ်သက်စွာနေခြင်းတို့ကို ဆောင်ရွက်ကြပြီး ၂၀၀၈ခုနှစ် (၆၁) နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက်အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချအလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ ကိုယ်စား ဦးလှဖေကလွမ်းသူ့ပန်းခွေချ၍အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့အမျှပေးဝေသည်။

မြန်မာ့အလင်း **မိုးလေဝသ သတင်း**

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၁၉

ဇူလိုင် ၁၈ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို လေ့လာကြည့်လျှင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူနိုင်ငံတို့တွင် လေပြင်းများတိုက်ခတ်၍ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၁၉ရက်က မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေကိုကြည့်လျှင် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။ ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့သည်။ ရန်ကုန်မြို့တွင် နေသာချိန်များပြီး ညနေပိုင်း၌ မိုးရွာသွန်းခဲ့သည်။

ဇူလိုင် ၁၉ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၁ ဒသမ	ဝ၆လက်မ
ကျိုင်းတုံ	၁ ဒသမ	ဝ၆လက်မ
ကော့ကရိတ်	၂ ဒသမ	၃၂လက်မ

ဇူလိုင် ၂၀ရက် **(ယနေ့)**တွင် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ကျန်ဒေသများ၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇူလိုင်၂၀ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၂၀-၇-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀ ၅။ အကပြိုင်ပွဲ
၈း၁၅ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၅ ၈။ အတီးပြိုင်ပွဲ
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၅ ၅။ မြန်မာရုပ်ရှင် **အဖြူရောင်အတ္တ** မင်းမော်ကွန်း၊ မင်းသူ၊ အိန္ဒြာကျော်ဇင်၊ လှအဥ္ဇလီတင့် (ဒါရိုက်တာ-အိအိခိုင်)
၁၄း၁၀ ၆။ အဆိုပြိုင်ပွဲ
၁၄း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၅ ၈။ တေးဂီတအစီအစဉ်
၁၄း၃၀ ၉။ International News
၁၄း၄၅ ၁၀။ အတီးပြိုင်ပွဲ
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀ ၃။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ **စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ အကပြိုင်ပွဲ
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အတီးပြိုင်ပွဲ
၆း၄၅ ၁၃။ တေးဂီတအစီအစဉ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၁၅)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၆)
၁၉။ အစီအစဉ်ပြီး၏။

ဝါတွင်းကာလ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၁၆ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ မဂ္ဂင်ရိပ်သာကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိတသည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဝါဆိုလပြည့်ကျော် ၁၁ရက်မှ ဝါဆိုလကွယ်နေ့အထိ (ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၅ရက်အထိ) တရားစခန်းဖွင့်လှစ် ဟောပြောပြသမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တရားစခန်း ဝင်လိုကြသည့် ယောဂီများ ဖုန်း-၀၉-၅၀-၃၆၇၁၄ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်တက်ရောက် လာကြသူများက ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ အလေးပြုကြစဉ်။ (သတင်းစဉ်)

အမျှပေးဝေ

ဆက်လက်၍ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ၊ အလေးပြု၊ ကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

အလေးပြု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစုများ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင် မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

ကျမ်းစာများ ဓမ္မဒါနလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၉

ပါဠိနှင့်မြန်မာစာပေများ ရေး၊ ဖတ်၊ စပ်လိုသူများနှင့် မှတ်ကျင့်လိုသူများအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ဘုရားဖြူကျောင်းတိုက်မှ ဘဒ္ဒန္တညာဏာဘိဝံသ၏ ကဝိလက္ခဏာမှတ်စုနှင့် ဗျာကိဏ္ဏမှတ်စု သုတပဒေသာ ကျမ်းစာများကို ဓမ္မဒါနလှူဒါန်းလိုပါက သစ္စာမဏ္ဍိုင်ပိဋကတ်စာပေတိုက် တောင်ဘက်စောင်းတန်း ရွှေတိဂုံစေတီတော် ရန်ကုန်မြို့ ဖုန်း-၃၈၇၈၄၉၊ ၀၉-၅၁၂၅၂၈၅၊ ၀၉-၅၀-၆၀၈၄၅နှင့် အနန္တ သုခ ပိဋကတ်စာအုပ်ဆိုင် အမှတ်(၇၇/၇၉) နှင်းဆီ(ဘီ)ရုံ ပထမထပ် ဈေးချို မန္တလေးမြို့တို့၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ချမ်းမြေ့မြိုင်ရိပ်သာ (၁၁) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန် စံပြကျေးရွာ ချမ်းမြေ့မြိုင်ရိပ်သာ ကျောင်းတွင် ဝါတွင်း၌ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်နှစ်ရပ်ကို ထမ်းဆောင်တော်မူကြသောဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဘောဇနဂုဏ်ရည်ကျောင်းဒါယကာ ဗိုလ်ကြီးဝင်းသန်း(ငြိမ်း)- ဗိုလ်မှူး ဒေါက်တာခင်သီတာအောင်မိသားစုက မတည်၍ ချမ်းမြေ့မြိုင် ဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး ဝါဆိုလပြည့်ကျော် ၁၁ရက် (ဇူလိုင် ၂၇ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိကြောင်းနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေ စေတနာရှင် အပေါင်းတို့အား မေတ္တာရှေ့ထား၍ ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ် လွှမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လွှမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

သီးသန့်ငွေပဒေသာပင် ကျပ်သိန်း ၅၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ဝင်းသင်နှင့် စာရင်းစစ်အဖွဲ့ တည်ထောင်ခြင်း အနှစ်(၅၀)ပြည့် ရွှေရတုအလှူမင်္ဂလာအဖြစ် အဖွဲ့ခေါင်းဆောင် ဦးဝင်းသင် (ဗိုလ်တထောင်မြို့နယ် နှင်းဆီကွန်ဒို) ရန်ကုန်မြို့မှ ပစ္စည်းလေးပါး သီးသန့် ငွေပဒေသာပင်အဖြစ် အလှူငွေ ကျပ်သိန်း၅၀ကို မဟာစည်သာသနာ့ရိပ်သာဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းထိန်ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဦးဝင်းသင်နှင့် အဖွဲ့သည် ဇူလိုင် ၁ရက်တွင် မဟာစည်သာသနာ့ရိပ်သာ(ပင်မ)ရှိ ဆရာတော် သံဃာတော်များနှင့် ယောဂီများကို နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်သည်များအား မဟာကုသလကာရီဓမ္မသာလာမဏ္ဍပ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆုထူးပန်အဘိဓမ္မာသင်တန်းခွဲဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် (ကေတုမာလာရိပ်သာ)ရှိ စေတနာလမ်း သာသနာ့ရောင်ခြည်ဓမ္မာရုံဂေါပကအဖွဲ့နှင့် ဆုထူးပန်အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်းတို့ပူးပေါင်း၍ အဘိဓမ္မာနှင့် အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)သင်တန်းများကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဆုထူးပန်အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်းမှ ဝါရင့်ဆရာ၊ ဆရာမများက ‘ပြောသလောက်မခက်၊ ခက်သလောက်လွယ်အောင်’ ခေတ်မီသင်္ကေတနည်းစနစ်ဖြင့် အပတ်စဉ်(ကြာသပတေး၊သောကြာ)နေ့တိုင်း ညနေ၆နာရီမှ ည၈နာရီအထိ ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ အဘိဓမ္မာသင်ယူတတ်မြောက်လိုသူတိုင်း ဖွင့်ပွဲနေ့မှစတင်၍ တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျိုက်ထီးရိုးတောင်တန်းသာသနာပြု ဝါဆိုမိသားစု (သာကေတမြို့နယ်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြို့ သာကေတမြို့နယ်မှ ဦးတင်လှိုင်နှင့် ဦးတင်စိန်တို့ ဦးဆောင်သော ကျိုက်ထီးရိုးတောင်တန်းသာသနာပြုဝါဆိုမိသားစု (သာကေတမြို့နယ်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ကျင်းပရာ ကျိုက်ထိုမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တနန္ဒိယ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးတောင်တန်းသာသနာပြု ဝါဆိုမိသားစုအဖွဲ့ဝင်များနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ၊ အလှူရှင်များ စုစုပေါင်း ပြည်သူ ၁၀၀၀ ကျော်တို့ တက်ရောက်ကြည်ညိုကြသည်။

ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ဝါဆိုမိသားစု (သာကေတမြို့နယ်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ရဲသောင်ကျေးရွာ ဒါနသိဒ္ဓိ အောင်တော်မူ ကျောင်း ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို အဖွဲ့နာယက ဦးတင်လှိုင်-ဒေါ်ရင်ရင် မိသားစုက အဖွဲ့နာယက ဦးတင်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လျှောက်ထား

အဆိုပါအခမ်းအနားတွင် ဦးညွန့်ဝေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ ဝါဆိုမိသားစု နာယကဦးတင်စိန်က ဝါဆိုသင်္ကန်းကပ်လှူရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

လက်ခံ

ယင်းနောက် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြရာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် ဝါဆိုမိသားစု၏ အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အဖွဲ့ခေါင်းဆောင် ဦးဟန်ခင်ကလည်းကောင်း၊ ရဲသောင်ကျေးရွာ ဒါနသိဒ္ဓိအောင်တော်မူကျောင်း ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို နာယက ဦးတင်လှိုင်-ဒေါ်ရင်ရင်မိသားစုက လည်းကောင်း၊ ရင်ပြင်တော်ကျောင်း နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယအတွက် အလှူငွေကျပ် ငါးသောင်းကို နာယက ဒေါ်ကြည်ကလည်းကောင်း၊ ရင်ပြင်တော်ကျောင်းဝါတွင်းဆွမ်းအလှူငွေကျပ် ၁၀သိန်းကို နာယကဦးတင်လှိုင်-ဒေါ်ရင်ရင်မိသားစု ကလည်းကောင်း၊ ဝါတွင်းဆွမ်းအလှူငွေကျပ်ငါးသိန်းကို ကိုမင်းလွင်-မခင်မွေ့မွေ့ မိသားစုက လည်းကောင်း၊ မီးစက်တစ်လုံး အတွက် အလှူငွေကျပ်သုံးသိန်းကို ဒေါ်မြင့်အောင် ယိုစုံမိသားစုကလည်းကောင်း၊ ရဟန်းသာမဏေများ စာပြန်ပွဲအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဝါဆိုမိသားစုကလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ဆရာတော်များ ကိုယ်စား တာဝန်ရှိသူများက လက်ခံကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ဆက်လက်၍ ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တနန္ဒိယထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရင်ပြင်တော်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ က သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူ၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တာဝန်ရှိသူများက ဝါဆိုပန်းအလှပြိုင်ပွဲတွင် ဆုရရှိသည့် မော်တော်ယာဉ်အလိုက် ဝါဆိုအဖွဲ့များအား လည်းကောင်း၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ဝါဆိုမိသားစုဝင်များအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နာယက ဦးတင်လှိုင်၊ ဦးတင်စိန်မိသားစု၊ ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးတင်အေးနှင့် ဝါဆိုမိသားစုအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အပြင် ဝါဆိုမိသားစုများသည် နံနက်ပိုင်းတွင် ပန်းအလှပြိုင်ပွဲ ကျင်းပပြီး ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဝါဆိုပန်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် ရင်ပြင်တော်ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတတို့အား သိက္ခာထပ်မင်္ဂလာ ကျင်းပပြီး ကျိုက်ထီးရိုးတောင်တန်းတစ်လျှောက်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ကျောင်းတို့မှ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်အပါး ၂၀၀ကျော်တို့အား အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။ ဝါဆိုမိသားစုများသည် ညပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ဝါဆိုဆီမီး ထွန်းညှိပူဇော်ကြသည်။

လှူဒါန်းမှု

(၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဝါဆိုမိသားစုများသည် သင်္ကန်း ၁၀၀၈စုံ၊ ဆန်အိတ် ၄၃၉ အိတ်၊ ငါးပေ ဝါဆိုဖယောင်းတိုင် ၇၂တိုင်နှင့် ဖယောင်းတိုင်အရွယ်စုံ အထုပ်၁၂၇၀၊ စားသုံးဆီပိဿာ ၁၃၀၊ ပဲမျိုးစုံ ၃၈အိတ်၊ ဒီဇယ်ဆီဂါလန် ၂၀၀အပါအဝင်လှူဒါန်းသည့် ငွေသားနှင့် လှူဖွယ်ဝတ္ထုပစ္စည်း တန်ဖိုးငွေ စုစုပေါင်းမှာငွေကျပ် ၂၄၅၇၉၅၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လသာမြို့နယ် သိမ်ကြီးဈေး(ဃ)ရုံ (မြို့တော်ဗဟိုဈေးကြီး)၏ ဈေးသူ၊ ဈေးသားများနှင့် မြို့တော်စည်ပင်ဝန်ထမ်းများ စုပေါင်း၍ (၄၄)ကြိမ်မြောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက်က အဆိုပါဈေး၌ ကျင်းပရာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုမာရ (ခေတ္တ နာယကချုပ် ဆရာတော် ပရိယတ္တိသာသနာ့တက္ကသိုလ်)ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

❐ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံအချက်များဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အခြေခံစီးပွားရေး အဆောက်အအုံကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ ဒေသတွင်း စိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲ၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ရေကြီးမှု ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ညောင်တုန်းမြို့နယ် ၂၁လမ်းသို့ သွားရောက်၍ စည်ပင်တာပေါင်မှ ပန်းလှိုင်မြစ် ရေစီးဆင်းမှုအခြေအနေ၊ ကမ်းမြေ ရေတိုက်စားမှု ကာကွယ်ရေးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့တွင် အဓိက အထောက်အကူပြုသော တိုင်းဖြစ်၍ ဌာနဆိုင်ရာများနှင့် ဒေသခံများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လူမှုရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသော ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် ကျုံတုံးလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က တောင်သူ ဦးသန်းအေး၏ ကွင်းအမှတ်(၅၁၈)၌ မျိုးကောင်းမျိုးသန့် ဆင်းသွယ်လတ်နှင့် မနောသုခစပါး ရှစ်ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ တလိုင်းစုကျေးရွာ၌ကျင်းပသည့် ပန်းတနော်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင် ငါးဧကစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြစ်စည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့သို့ ရောက်ရှိကြပြီး ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဧရာဝတီတိုင်းအတွင်း စီးပွားရေးစီမံကိန်း လျာထားချက်များ ပြည့်မီကျော်လွန်ရေးအတွက် ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်ကြရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ယဉ်ကျေးမှုဆိုင်ရာများကို စာသင်ကျောင်းများတွင် အလေးထားသင်ကြားပေးရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆီထွက်သီးနှံ

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့သို့ ရောက်ရှိကြပြီး ဧရာသီရိသုခ ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများနှင့် ပဲသီးနှံစိုက်ခင်းများတွင် နေကြာသီးညှပ်စိုက်ပျိုးရေး၊ သီးနှံစိုက်ဧကများအားလုံး အောင်မြင်စွာ ရိတ်သိမ်းနိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်နိုင်ရေးအတွက် ဌာနဆိုင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ်ကျန်းမာသန့်ရှင်းသောကျောင်းများအဖြစ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ပန်းဘဲတန်းမြို့နယ်လုံးကျွတ် စိမ်းလန်းသာယာ၊ ကျန်းမာသန့်ရှင်းသော ကျောင်းများအဖြစ် ဆောင်ရွက်ခြင်း အခမ်းအနားကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ယမန်နေ့က ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသန့်ရှင်းရေးသုံးပစ္စည်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အားလုံးသို့ ပေးအပ်ပြီး **(အောက်ပုံ)** မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်က ပေးအပ်သည့် အဆိုပြုလွှာ စောင်ရေ ၁၁၀၀ကို လက်ခံသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်စောတို့က စိမ်းလန်းသာယာ၊ ကျန်းမာသန့်ရှင်းသော ကျောင်းများအဖြစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ အခမ်းအနားအပြီးတွင် တိုင်းဥက္ကဋ္ဌနှင့်အဖွဲ့က ကျောင်းစိမ်းလန်းစိုပြည်ရေးအတွက် ကံ့ကော်ပင်စိုက်ပျိုးခဲ့ပြီး ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုနှင့် ကျောင်းသားကျောင်းသူများ၏ ခြင်၊ဆေးလိပ်၊ အမှိုက်ကင်းစင် သရုပ်ပြမှုကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ **(က-ပ)**

အသိပညာပေးဟောပြောပွဲ လပွတ္တာ(၃)မိုင်ကယ်ဆယ်ရေးစခန်း၌ ကျင်းပ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ စက်ဘီး၊ စာအုပ်နှင့် စာရေးကိရိယာများ မြောင်းမြ၌ လှူဒါန်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၉

လပွတ္တာမြို့ (၃)မိုင်ကယ်ဆယ်ရေးစခန်း ယာယီမူလတန်းကျောင်း၌ ကျင်းပသည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင်၁၁ရက် နံနက်၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က လူမှောင်ခိုကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ယဉ်ကျေးမှုဆိုင်ရာသိကောင်းစရာ အကြောင်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးကိုကိုက ဘဝတွက်တာ သိမှတ်စရာများကိုလည်းကောင်း၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စောသန္တာမြင့်က မူမှန်ကျန်းမာရေး အလေ့အထများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

၎င်းနောက် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က နိဂုံးချုပ် အမှာစကား ပြောကြားပြီးနောက် လေဘေးသင့်မိခင်များအား အဝတ်အထည်များ၊ အနီးပိတ်များ၊ ရေနွေးကရားများနှင့် ဒယ်အိုးများ လှူဒါန်းပေးအပ်သည်။

ထို့နောက် လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ လေဘေးသင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ ယင်လုံအိမ်သာဆောက်လုပ်ရန် လိုအပ်သောပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မြောင်းမြမြို့သို့ ရောက်ရှိပြီး လူငယ်အားမာန်သင်တန်းကျောင်း မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော စက်ဘီး၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စာအုပ်နှင့်စာရေးကိရိယာများကို လူငယ်အားမာန် သင်တန်းကျောင်း တာဝန်ခံ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသိန်းထံသို့လည်းကောင်း၊ ကျောင်းတက်မည့်ကလေးများအား စက်ဘီးများကိုလည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဆင်နွှဲရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ဇူလိုင် ၇ရက်က ဗဟန်းမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းအမှတ်(၁) မိုးဦးပန်းခန်းမ၌ အမှတ်(၃) အခြေခံပညာဦးစီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၈ခုနှစ်အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့် ဆင့်ပွားရှင်းလင်းပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်ကအဖွင့်အမှာစကားပြောကြားသည်။(**အောက်ပုံ**)

အဆိုပါ ရှင်းလင်းပွဲ အခမ်းအနားသို့ ဗဟန်းမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်ဆန်လှူအသင်း ဆွမ်းဆန်တော်အလှူ ရေစက်ချမင်္ဂလာ

ရန်ကုန် ဇူလိုင် ၁၉

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၃၄)ကြိမ်မြောက် ဆွမ်းဆန်တော် အလှူရေစက်ချမင်္ဂလာကို ဇူလိုင် ၁၇ရက်(ဝါဆိုလပြည့်နေ့) မွန်းလွဲ ၁နာရီက ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ ဦးမောင်ကလေး-ဒေါ်ကြုတ် တန်ဆောင်း၌ ကျင်းပရာ စမ်းချောင်းမြို့နယ် ရွှေလှိုင်ပရိယတ္တိစာသင်တိုက်မှ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသံဝရဇောဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အကျိုးတော်ဆောင်ချုပ်ဦးအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆွမ်းဆန်တော်တင်းပေါင်း ၅၆၀၀ ကျော်ကို ကျောင်းတိုက်ပေါင်း ၂၁၅တိုက်မှ သံဃာတော်အပါး ၁၈၀၀၀ကျော်တို့အတွက် လှူဒါန်းခဲ့မှုအစုစုကို ရေစက်သွန်းချအမျှပေးဝေကြသည်။ **(အပေါ်ပုံ)** (က-ပ)

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သင်ကြား/စီမံ ဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



ညောင်တုန်းမြို့နယ် အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

ညောင်တုန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ကြွရောက်သီတင်းသုံးနေကြသော ဆရာတော်ကြီး ၁၆ပါးတို့အား ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်မိသားစုများက (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟန်းကြားတောရလမ်း အမှတ် ၂၁/၄၃(စီ) (ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး) ဇေရာဝတီတိုင်း ဓမ္မာရုံသို့ ညောင်တုန်းမိသားစုများအားလုံး (အသင်းဝင်မဖြစ်ကြသေးသူများပါ) ကြွရောက်ကုသိုလ်ယူကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ

ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ပြပွဲ၊ ပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ ဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရေးဦးတည်ရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဦးတည်ရန်တို့ ဖြစ်သည်။

ရေးသားနိုင်

ဆောင်းပါးပြိုင်ပွဲအတွက် **"ယာဉ်အန္တရာယ်ကင်းစေဖို့ လူတိုင်းကိုယ်စီပူးပေါင်းစို့"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် **"စံပြယာဉ်မောင်း၊ ပြည်သူ့သားကောင်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကာတွန်းပြိုင်ပွဲအတွက် **"အန္တရာယ်ကင်းစင် ကျောင်းဝန်းကျင်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာပြိုင်ပွဲအတွက် **"လူ-လမ်း-ယာဉ်၊စည်းကမ်းယှဉ် ကင်းစင်လမ်းအန္တရာယ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် **"စည်းကမ်းကျနလိုရာရောက်၊ စည်းကမ်းဖောက်က ဘဝပျောက်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် **"အန္တရာယ်ကင်းသည့် ပို့ဆောင်ရေးဆီသို့"** ခေါင်းစဉ်ဖြင့် လည်းကောင်း ရေးသားနိုင်သည်။

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို ၁၅လက်မ×လက်မ၂၀ အရွယ်အစား နှစ်သက်ရာ စက္ကူဆေးရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ ထုတ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။ ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floopy Disc (သို့မဟုတ်) Compact Disc (CD-Rom)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက် ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒီဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများမပြုလုပ်ရ။ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File Info. တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။ ထိုသို့ အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံဆုရှင်၏ အမည်ကို ဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့် ကြော်ငြာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရရှိသူများ၏ နဂ္ဂတစ်(သို့)ဆလိုက်(သို့)ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 300 dpi နှင့် ၈လက်မ×၁၀လက်မ အရွယ်ရှိသော Original Tiff Fileကို CD ဖြင့် ထည့်သွင်းပေးပို့ရမည် ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသောပုံများကို ဆုရစာရင်းမှပယ်ဖျက်၍ အောက်မှပုံများကို အစဉ်အတိုင်း အစားထိုးမည်ဖြစ်သည်။ အဆိုပါ ဆုရပုံများကို ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက မူပိုင်အဖြစ် လိုအပ်သလိုအသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ×၁၄လက်မ (ဆေးရောင်စုံဓာတ်ပုံ)ဖြစ်သည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

ယခုနှစ်တွင်လည်း ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာလပထမပတ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကျောင်းများတွင်ထုတ်ပေးထားသော **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ရုပ်ပြစာအုပ်နှင့် နေ့စဉ်ထုတ်သတင်းစာများမှ ထုတ်ပြန်ခဲ့သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးများနှင့် ကြေညာချက်များအား မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့်ပြိုင်ပွဲအား စက်တင်ဘာလ ဒုတိယပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား ကျောင်းသူများဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ခေါင်းစဉ်များကို ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ ပြိုင်ပွဲကျင်းပမှသာ သတ်မှတ်ပေးမည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှသာ ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူသုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူနှစ်ဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ ဒုတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့်လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ တစ်စောင်တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀မှ ၁၀၀၀၀အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ်ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်(စ)ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ ၅၁လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၈၆၅၁သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ဒီဂျစ်တယ်ပိုစတာပုံများကို ဦးတင်ဝင်း၊ ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း-၆၆၄၂၅၄၊ ၆၁၀၆၂၂ (လိုင်းခွဲ ၂၀၆)သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) ၃၅လမ်းအောက် ပထမထပ် ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၃၁၆၇ သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ ပိုစတာများ၊ ကာတွန်းများအားလုံးနှင့် စာမူများကို ၂၀၀၈ခုနှစ် အောက်တိုဘာလ ၁၀ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသော ရန်ကုန်တိုင်းမှ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ဂုဏ်ပြု

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုအမှာစကား

အစီအစဉ်အရ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဂုဏ်ပြုစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်အားပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမင်းသိန်းက ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်ရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် လုပ်အားပေးအဖွဲ့ခေါင်းဆောင်များက လက်ခံကြသည်။

ပါဝင်လုပ်အားပေးခဲ့

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူကျေးရွာ၊ ဆင်ခြေရာကျေးရွာ၊ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာများ၌လည်းကောင်း၊ ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၌ လည်းကောင်း ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်မြေဩဇာသည် သီးနှံအထွက်တိုးရေးအတွက် အရေးကြီး စက်ရုံအလိုက် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်

ဓာတ်မြေဩဇာစက်ရုံများ အထွက်တိုးရေး ညှိနှိုင်းအစည်းအဝေး၌ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မှာကြား

နေပြည်တော် ဇူလိုင် ၁၉

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေဩဇာစက်ရုံများ၏ ဓာတ်မြေဩဇာ အထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ရက်က နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ(**အပေါ်ပုံ**)က အမှာစကားပြောကြားရာ၌ သီးနှံများအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာမှာ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ဓာတ်မြေဩဇာကို စက်ရုံအလိုက် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံများစွမ်းအားပြည့် လည်ပတ်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံမှူးများက စက်ရုံများ လည်ပတ်ထုတ်လုပ်နေမှု၊ ပြုပြင်ဆောင်ရွက်မှု အခြေအနေနှင့် ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဓာတ်မြေဩဇာစက်ရုံ အသစ်များ တည်ဆောက်နေသည့် စီမံကိန်းညွှန်ကြားရေးမှူးများက စီမံကိန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တိုးတက်ထုတ်လုပ်

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဓာတ်မြေဩဇာတိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို ဖြည့်စွက်တင်ပြဆွေးနွေးကြသည်။

အစွမ်းကုန်ကြိုးပမ်း

တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးက စက်ရုံများအနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်မှု လျာထားချက်ပြည့်မီ ကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တည်ဆောက်ဆဲ ဓာတ်မြေဩဇာစက်ရုံများ သတ်မှတ် ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အလုံမြို့နယ် သစ်တောလမ်းနေ ဦးတင်ခိုင်-ဒေါ်မြငွေ မိသားစုက ဒေါ်မြငွေ၏ မွေးနေ့အထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်နယ်၊ တိုင်းဘတ်စကက်ဘောပြိုင်ပွဲ ဩဂုတ် ၂၅ရက်မှ ၃၁ရက်အထိ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူး၍ (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် စတုတ္ထအကြိမ်မြောက် အသက် ၁၈နှစ်အောက် အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲများကို ဩဂုတ်၂၅ရက်မှ ၃၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများ

အဆိုပါပြိုင်ပွဲအပြီးတွင် ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် ၂၀ အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲ

ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် ဩဂုတ် ၂၈ရက်နောက်ဆုံးထား စာရင်းပေးသွင်းကြရန်နှင့် ဩဂုတ် ၃၀ရက် မွန်းလွဲ ၂နာရီတွင် အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ပွဲစဉ်မဲနှိုက်ရေးဆွဲမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး

ပြိုင်ပွဲဝင်ကြေးအဖြစ် အသင်းတစ်သင်းလျှင် ကျပ်တစ်သောင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် နည်းပြ၊ အုပ်ချုပ်သူများပါဝင်မှသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ရာ အသက်၂၀နှင့်အောက် အမျိုးသား အမျိုးသမီးအတွက် အသက်ကန့်သတ်ချက်မှာ ၁၉၈၈ခုနှစ် မွေးဖွားသူ ဖြစ်ရမည်ဖြစ်ကြောင်းနှင့် အသက်စိစစ်နိုင်ရန် မွေးစာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝါဆိုသင်္ကန်းဆက်ကပ်

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက်၊ မြင်သာမြို့ဦးကျောင်းတိုက်တွင် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာစာရထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၉)

ယောနယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းနှင့် ပစ္စည်းလေးပါးလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

ယောနယ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ တိပိဋကရေ မဇ္ဈိမဘဏ္ဍာဂါရိက ယောဆရာတော် အမှူးပြုသည့် ယောနယ်ဒေသ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကလေးမြို့ လေးမြို့နယ် ဇာတိဖွား ရန်ကုန်တိုင်းအတွင်း သီတင်းသုံးလျက်ရှိသော ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများအား ယောနယ်အသင်း(ရန်ကုန်)မှ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် လေဘေးဒဏ်သင့်ကျောင်းများသို့ ပစ္စည်းလေးပါး လှူဒါန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ရက် ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယောနယ်အသင်းတိုက် အမှတ် ၂၀၂ လမ်း ၄၀ ကျောက်တံတားမြို့နယ်၌ ဘုံဆွမ်းဆက်ကပ်မည်ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းနှင့် လေဘေးအတွက် ပစ္စည်းလေးပါးလှူဒါန်းပွဲသို့ ယောနယ်သူ ယောနယ်သားများနှင့် ဓမ္မမိတ်ဆွေများ ကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဦးဘညာဏ် ဖုန်း-၅၃၆၈၅၆၊ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ ဦးသာလှ ဖုန်း-၃၈၀၄၄၈ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပုရောဟိတ် ပူဂျာရီဘုန်းတော်ကြီးများ အဖွဲ့ချုပ်က ကြီးမှူး၍ လေဘေးသင့်ပြည်သူများအား အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းခဲ့မှု အစုစုတို့အတွက် စုပေါင်းရေစက်ချ အမျှဝေ ဆုတောင်းပွဲကို ဇူလိုင် ၆ရက်က ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် သျှရီကာလီမယ်တော် ဘုရားကျောင်း၌ ကျင်းပစဉ်။ (က-ပ)

သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှိုင်ထွန်း ၉/ပမန(နိုင်)၀၁၉၁၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

နေပြည်တော် ပျဉ်းမနား၊ မင်္ဂလာရပ်နေ ကျွန်ုပ်မိတ်ဆွေ၏သမီးများဖြစ်သော မခင်ဥမ္မာထွန်း ၉/ပမန(နိုင်)၀၁၉၁၃၁နှင့် မခင်ကြေးမုံထွန်း ၉/ပမန(နိုင်) ၁၄၃၇၇၄တို့သည် မိသားစု အသိုင်းအဝိုင်းမှ မိမိတို့ဆန္ဒအလျောက် အပြီးအပိုင် ထွက်ခွာသွားခဲ့ကြပြီးဖြစ်ပါ၍ ၎င်းသမီးနှစ်ဦးတို့အား ၁၇-၇-၂၀၀၈ရက်မှစပြီး အမွေစားအမွေခံသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မခင်ဥမ္မာထွန်းနှင့် မခင်ကြေးမုံထွန်းနှင့်ပတ်သက်သောကိစ္စအား လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်လှိုင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမြင့်	**ဒေါ်သက်သက်ခိုင်**	**ဒေါ်ခတ္တာအောင်**
(စဉ်-၁၉၂၉၂)	**(စဉ်-၂၈၄၃၂)**	**(စဉ်-၂၆၆၂၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ်၈/၅၉၊ ၂လမ်း၊ မင်္ဂလာသာဓိရပ်၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။

ပန်းတောင်းမြို့နယ်အသင်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ်ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမကျောင်းတိုက်တွင် ကပ်လှူမည်ဖြစ်သည်။ ရန်ကုန်ရောက် ပန်းတောင်းမြို့နယ်သူမြို့နယ်သားများအားလုံး မိသားစု တစုတစည်း မပျက်မကွက် ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် သင်္ကန်းများကို အသင်းနာယကဦးလွင်မြင့် ဖုန်း-၆၄၀၂၆၆၊ ဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း-၀၉-၅၀-၂၉၆၂၆၊ အတွင်းရေးမှူး ဦးငွေသိန်း ဖုန်း-၅၅၅၅၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) **Sales Promoter** ကျား/မ(၂၀)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(2) **Sales Representative** ကျား (၂၀)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ နယ်ခရီးသွားနိုင်ရမည်။

(3) **Sales Team Leader** ကျား (၁၀)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီး၊ အသက်(၃၂)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိပြီး စီမံခန့်ခွဲနိုင်စွမ်းရှိရမည်။ နယ်ခရီးသွားနိုင်ရမည်။

(4) **Sales Supervisor** ကျား(၅) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက် (၃၅) နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီး လစဉ်မပျက် သွားနိုင်ရမည်။

(5) **Driver** ကျား(၁၀)
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး 'ခ' (သို့) 'ဃ'လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက် ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။

(6) **စက်ပြင်** ကျား(၅)ဦး
အင်ဂျင်ချနိုင်သည်အထိ ကျွမ်းကျင်ရမည်။ အသက်(၅၀)အောက်ဖြစ်ရမည်။

* **အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။ (လစာကောင်းမည်။)**

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ Harvest Enterprise Co.,Ltd. အမှတ် ၅၂၀၊ ခုနစ်လွှာ၊Excel Treasure Tower၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်သို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ် ၅/၁၅-ခ နေ
ဦးသိန်းအောင် (Managing Director-Thein Construction Co.,Ltd.)-ဒေါ်ခင်အေးဝင်း
(Director-Thein Construction Co.,Ltd.)တို့၏တစ်ဦးတည်းသောသား၊
မအေးဇာခြည်အောင် B.A (English), LCCI Level III ၏မောင်

မောင်အောင်စိုးငြိမ်း
B.Sc (Botany)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၅၀/ခ နေ
ဦးကျော်ညဏ်လင်း (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်သန်းသန်းဦး(ဘဏ်ခွဲ-၅)
တို့၏တစ်ဦးတည်းသောသမီး၊
ဗိုလ်လောင်းဝဏ္ဏလင်း (DSTA) ၏ အစ်မ

ဒေါက်တာဝင့်မြတ်ကျော်
M.B.,B.S (Ygn)

တို့၏ ၁၃-၇-၂၀၀၈ရက်တွင် ရန်ကုန်မြို့ Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ဟံစိန်(ရေ)နှင့်ဇနီး ဒေါ်နုနုထွေးတို့အား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုသော တေးသံရှင် စိမ်းမို့မို့နှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော Cute Cupid အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့်မင်္ဂလာပန်းအလှပြင်ပေးသော ခင်စန်းဝင်း၊ မင်္ဂလာပန်းကြဲပေးသော မကြည်သစ္စာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မအေးဇာခြည်အောင်၊ သတို့သားအရံ မောင်အောင်ကိုကိုနှင့် သတို့သမီးအရံ မအေးမို့မို့စံအားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်စိုးငြိမ်း-ဒေါက်တာဝင့်မြတ်ကျော်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကြီးမှူး အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်(၄) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

လက်ရှိချန်ပီယံလုံးချောနှင့် စိန်ခေါ်သူ ဝဏ္ဏတို့ ရေကုန်ရေခန်း အကဲစမ်းကြမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၁၉

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ စုပါကြွေကာမှ အဓိကပံ့ပိုး ကူညီပြီး (ဇော်ပစ်တိုင်းထောင်) ကြီးမှူး၍ စုပါကြွေကာမြန်မာပြည်ချန်ပီယံစိန်ခေါ်ပွဲကြီး အသည်းကောင်းလို့ပွဲတောင်းသူများ ပွဲစဉ်(၄) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇူလိုင် ၂၇ရက် မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။

ဖိုးကေနှင့် ယှဉ်ပြိုင်မည့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် စောဂပရေမှူး(တွံတေး)။ (မြန်မာ့အလင်း)

လက်ရှိချန်ပီယံ

အဆိုပါပြိုင်ပွဲတွင် မြန်မာပြည် လက်ရှိချန်ပီယံ လုံးချော (ညောင်တုန်း)အား စိန်ခေါ်သူ ဝဏ္ဏ(မျိုးဇာနည်)တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

လုံးချောသည် အရပ်အမောင်း ကောင်းသူဖြစ်ပြီး ကိုယ်လုံးကိုယ်ထည်ကျစ်လျစ်သိပ်သည်းပြီး ခြေတံ၊ လက်တံရှည်သူလည်းဖြစ်သည်။ ပြိုင်ဘက်ကိုမထင်မှတ်ဘဲ ဘယ်စုတစ်တွဲ လက်သီးများဖြင့် တရစပ်ထိုးသတ်တတ်သူဖြစ်သည်။

တုံ့ပြန်ခဲ့

လုံးချောသည် အလွတ်တန်းထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဖြစ်ပြီး ဂျပန်သို့ သုံးကြိမ်သွားရောက်ကာ ကရာတေး ချန်ပီယံ၊ ကစ်ဘောင်ဆင်ချန်ပီယံများကို အလဲထိုးဖြင့် အနိုင်ရခဲ့သူဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ပွဲဆက်များပြီး ပွဲပန်းခြင်း၊ ဒဏ်ရာရရှိထားခြင်းကြောင့် ထင်သလိုခရီးမပေါက်ဘဲ ပြိုင်ဘက်၏ ထိုးချက်များကို ရှောင်ရင်း ၎င်း၏ အားမပါသော လက်သီးချက်များဖြင့်သာ တုံ့ပြန်ခဲ့ရရှာသည်။

ကြံ့ခိုင်မှု

ယခုပြိုင်ပွဲတွင် သုံးလကျော် အချိန်ယူ လေ့ကျင့်ထားပြီး ကြံ့ခိုင်မှုအပြည့်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စိန်ခေါ်သူ

လက်ရှိမြန်မာပြည်ချန်ပီယံ လုံးချောကို စိန်ခေါ်ထိုးသတ်မည့်သူက သတ္တိရှိရှိ၊ အသည်းကောင်းကောင်း၊ ဖွဲကောင်းကောင်းဖြင့် တော်ရုံအရှုံးမပေးတတ်သည့် ဝဏ္ဏ(မျိုးဇာနည်)ကလပ်က ဖြစ်သည်။

အသက် ၂၄နှစ်ရှိ ဝဏ္ဏ၏ ပွဲသိမ်းတိုက်ကွက်မှာ သူ၏ ညာဖြောင့်လက်သီးကြောင့် ပြိုင်ဘက်ကို ဒုက္ခပေးနိုင်သူဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် ဖိုးကေ(မန္တလေး)။ (မြန်မာ့အလင်း)

အနိုင်ရထား

ဝဏ္ဏသည် နာမည်ကြီး ဘိလပ်မြေစတားကို နှစ်ကြိမ်တိုင် အလဲထိုးပြီး လက်ဝှေ့ကျော် တာတိုးဝါးကို အလဲထိုးဖြင့် အနိုင်ရယူထားသူဖြစ်သည်။

ဝဏ္ဏသည် မွေထိုင်းလက်ဝှေ့ကျော်များဖြစ်သည့် လီချိုင်းကို ပထမအချီမှာ အလဲထိုးဖြင့် အနိုင်ယူခဲ့ပြီး၊ မွေထိုင်း လက်ဝှေ့ကျော်



လုံးချောအား စိန်ခေါ်သူ ဝဏ္ဏ။ (မြန်မာ့အလင်း)

လမ်ပန်ချိုင်းကို ခြောက်ချက် အကွဲထိုးပြီး အနိုင်ဖြင့် ပွဲသိမ်းစေခဲ့သည်။ ဝဏ္ဏသည် ပွဲပေါင်း၃၀ကျော် ထိုးခဲ့ပြီးသူဖြစ်သည်။ဝဏ္ဏ၏ ယခုပွဲသည် ရန်ကုန်တွင် ပထမဆုံးထိုးသတ်မည့်ပွဲလည်းဖြစ်သည်။

ပရိသတ်ရင်ကို တုန်လှုပ်သွားစေမည့် အခြားပွဲတစ်ပွဲမှာ စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)တို့ ပွဲပင်ဖြစ်သည်။ စစ်သွေးသည် တစ်ပွဲထက်တစ်ပွဲ လက်စွမ်းပြလာပြီး သူ၏ ဘယ်ညာတွဲလက်သီးများက ပြိုင်ဘက်ကို အသက်ရှူမှားစေနိုင်သည်။

စစ်သွေးသည် ၂၀၀၄ ခုနှစ် CITY-FMအောင်လံထူပွဲတွင် အကောင်းဆုံး လက်ဝှေ့သမားဆု ရရှိထားသူ ဖြစ်ပြီး ၂၀၀၇ ခုနှစ် ရွှေခါးပတ် ချန်ပီယံဘွဲ့ကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)

စစ်သွေးနှင့် ယှဉ်ပြိုင်မည့်သူက မာကျောကျစ်လျစ်ပြီး လက်သီးထိုးအားကောင်းသည့် ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း) ဖြစ်သည်။ သူသည် အတင်းဝင်၊ အတင်းထွက်ဖြင့် ဘယ်ညာတွဲလက်သီးများဖြင့် တရစပ်ထိုးသတ်တတ်သူဖြစ်သည်။ ပြည်နယ်နှင့်တိုင်းအကောင်းဆုံးလက်ဝှေ့သမားဆုနှင့် ရွှေတံဆိပ်ရရှိထားသူဖြစ်သည်။ နာမည်နှင့်လိုက်အောင် အကြမ်းပတမ်းခံနိုင်ရည်ရှိပြီး လက်သီးတွဲလုံးအား အထူးကောင်းမွန်သူဖြစ်သည်။

မြန်မာပြည်လက်ရှိချန်ပီယံ လုံးချော။ (မြန်မာ့အလင်း)

သူတို့ ပါဝင်

အဆိုပါပွဲများအပြင် ယနေ့မြန်မာပြည်မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံများကို စိန်ခေါ်ထိုးမည့် ဂဠုန်မင်း(မျိုးဇာနည်)နှင့် သိန်းဈာန်(ရက္ခဗျာလ)၊ ဆက်ထူးအောင်(တောင်ကလေး)နှင့် ရွှေမိုးကောင်း(ဘိလပ်မြေစက်ရုံ)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင်များဖြစ်သည့် မိုးသီး (မြန်မာပြည်သား)နှင့်ကချင်လေး (ဘိလပ်မြေစက်ရုံ)တို့အပြင် စနေထွန်း (မြန်မာ့သွေးသစ်)နှင့် လင်းယုန်(ရက္ခဗျာလ)တို့၏ ပွဲကြီးပွဲကောင်းများလည်း ပါဝင်သည်။

ကြည့်ရှုနိုင်

ပြိုင်ပွဲဝင်ကြေးမှာ ကျပ်၄၀၀၀မှ ၇၀၀၀အထိ ဖြစ်ပြီး လက်မှတ်များကို အမှတ်၁၇၄ မြေညီထပ် ၃၅လမ်း (အလယ်) ဇော်ပစ်တိုင်းထောင်ဗီဒီယိုတွင် ဝယ်ယူကြည့်ရှုနိုင်ကြောင်း မြန်မာ့ရိုးရာ လက်ဝှေ့ဝါသနာရှင်များအတွက် သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဆက်ကပ်လှူဒါန်း

တောင်ငူမြို့ မဟာစည်သြဝါဒခံ အေးရိပ်သာနှစ်ထပ် ဆွမ်းစားဆောင်အတွက် တောင်ငူမြို့ လမ်းမကျယ်လမ်းနေ မိဘများအား ရည်စူး၍ ဦးတင်မောင်ဦးနှင့် မောင်နှမများက ငွေကျပ်တစ်သိန်းငါးသောင်းကို ရန်ကုန်ပြည့်စုံအေးနှင့် တောင်ငူ အေးရိပ်သာ ပဓာနနာယက ဘဒ္ဒန္တသုဇာတအရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

ပဲခူး ဇူလိုင် ၁၅

ပဲခူးမြို့ လေသာကျောင်း ဆရာတော်နှင့် သီတဂူပတ္တမြားကျောင်း ဆရာတော်တို့ ဦးဆောင်၍ အလှူရှင်များလိုက်ပါကာ ဇူလိုင်၉ရက်က ပဲခူးတိုင်း(အရှေ့ခြမ်း) ကဝမြို့နယ် စစ်တောင်းမြစ်ကမ်းနဖူးရှိ ကျေးရွာခုနစ်ရွာမှ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင် မူလွန်နှင့် မူလတန်းကျောင်းခုနစ်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၅၀ကျော်တို့အား ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ စာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် အာဟာရများ သွားရောက်လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် အလှူရှင်များဖြစ်ကြသည့် ဦးဖေဇော်အောင် (ကြယ်နီဆေးပေါ့လိပ်)၊ ဦးငွေးလွင်(ငွေးလွင်ဆေးစတိုး)၊ ဦးရန်နိုင်ဝင်း(ဇောတိကသစ်စက်)တို့ ဦးစီးသော ပဲခူးမြို့မှ အလှူရှင်တို့က သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို အကျိုးဆောင် ဆရာတော်များရှေ့မှောက်တွင် သာစည်တာဝန်ခံ ကျောင်းအုပ်ထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** (၁၆၇)

ပင်လောင်းမြို့နယ်၌ စေတီနှစ်ဆူပြုပြင်ရန် ငွေပဒေသာပင် မတည်လှူဒါန်း

ပင်လောင်း ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပေါင်းလောင်းဒေသ ထိန်ပင်ကျေးရွာအုပ်စု ရေဆိုးချောင်းဆုံကျေးရွာအနီး နန့်ဆင်းပေါက်စေတီနှင့် တပ်ကုန်းတောင်စေတီနှစ်ဆူကို အထွေထွေဘက်စုံပြုပြင်ရန် အလှူရှင် ဦးသုမန (ရေဆိုးကျောင်းဆရာတော်)က မတည်ငွေကျပ်ငါးသောင်း၊ ရေဆိုးကျေးရွာနေ ဦးဆရာသဲ-ဒေါ်မြကြည်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို စေတီတော်ဘက်စုံပြုပြင်ရေးနာယက အရှင်ဇဝန ငွေလင်းယုန် (ပင်လောင်း-လမ်းဆုံ)အား ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာတော်များအား နေ့ဆွမ်းဆက် ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ရမည်းသင်း၌ ကျင်းပ

ရမည်းသင်း ဇူလိုင် ၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ မြို့မအထက(ခွဲ) ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ ခရိုင်အတွင်းရေးမှူး ဦးမြင့်ထူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် မူးယစ်(ဗဟို)ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ဖတ်ကြားပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းစန်းတင့်က ရှင်းလင်းဟောပြော၍ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဥပဒေရေးရာ သိကောင်းစရာများကို ခရိုင် ဥပဒေအရာရှိ ဒေါ်မြဦးက ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲ လွိုင်ကော်၌ ကျင်းပ

လွိုင်ကော် ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက်မွန်းလွဲ ၁နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာကို ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်က ဖတ်ကြားသည်။

ဟောပြော

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ပတ်သက်၍ မှုခင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာများကို ဒုတိယခရိုင်တရားသူကြီး ဦးစောထွန်း၊ ခရိုင် ဥပဒေအရာရှိ ဦးကျော်မြင့်နှင့် ဒေါက်တာ အေးသော်တာတို့က ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ် ဥက္ကဋ္ဌက ဘိန်းအစားထိုးသီးနှံများကို လွိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့နယ် ဥက္ကဋ္ဌများနှင့်ကျေးရွာများမှ ကိုယ်စားလှယ် များထံပေးအပ်ပြီး စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဟားခါးမြို့ လုပရေး စုပေါင်းဆောင်ရွက်

ဟားခါး ဇူလိုင် ၁၆

ချင်းပြည်နယ် ဟားခါးမြို့သာယာလှပရေးနှင့် သန့်ရှင်းရေးအတွက် ချယ်ရီလမ်း၊ ဆေးရုံလမ်းနှင့်သီတာလမ်းတို့တွင် လမ်းဘေးဝဲယာရှိ ချုံပင်၊ ပေါင်းပင်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ဆယ်ယူခြင်းလုပ်ငန်းများကို ဇူလိုင် ၁၂ ရက် နံနက် ၈နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဦးဆောင်၍ ရပ်ကွက်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးတမ်အောင်တို့က လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ်တွင် တည်ထားကိုးကွယ်သော ဗုဒ္ဓဝါဒြူက စေတီတော်တွင် ထာဝရပဒေသာပင် နှစ်သိန်းနှင့်သူတော်စင်များ ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ရေစက်ချအမျှဝေခြင်းတို့အတွက် ငွေကျပ်ကိုးသိန်း စုစုပေါင်း ၁၁သိန်းကို အမှတ် ၂၆၉ အနော်ရထာလမ်းနေ ဦးဟုတ်လှိုင်၊ ဒေါ်ကျင်စိန်၊ သား မောင်အောင်ဝင်း၊ မောင်အတူးတို့အား ရည်စူးလျက် ဦးမြင့်ဦးနှင့်ညီအစ်ကိုမောင်နှမများက စေတီတော် ပဓာနနာယက အဘိမ္မောတောင်သာ သမားတော်ကြီး သုခမိန်ဆရာကြည်၊ နာယက ဦးစံလွင်နှင့် ဥက္ကဋ္ဌ ဦးမြအောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တောင်သာမြို့နယ်ရုံးတောကျေးရွာ ပြည်သူများ ပူးပေါင်း၍ ဆောက်လုပ်သော ကျေးရွာချင်းဆက် ရုံးတောတံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ကြီးကြပ်ဆောက်လုပ်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဇူလိုင် ၅ရက်က အဖွဲ့ပိုင် ယန္တရားဖြင့် ရေစက်ကြီးလမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကန့်ဘလူ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ဇူလိုင်၃ရက်ကကျရောက်သော မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၃ရက် နံနက် ၇နာရီက အမှတ်(၁)ရပ်ကွက် အလကခွဲကျောင်းသစ်ဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

ထိုနေ့တွင် သစ်တောဦးစီးဌာနမှ ပျိုးပင်များအဖြစ် စိန်ပန်းပင်၅၀၊ တမာပင်၊ မဲဇလီပင် ကုက္ကိုပင်နှင့်မန်ကျည်းပင် ၁၀၀စီကို ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အလကခွဲကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများ ပါဝင်၍ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က တမာပင်ကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက စိန်ပန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာရှိ ရဲနွယ်ရေလှောင်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင်၅ရက်က ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်း၍ ငါးမြစ်ချင်းကောင်ရေတစ်သိန်း ငါးမျိုးစိုက်ထည့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်နိုင်ရန်အတွက် အမှတ်(၆၅/G) ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ၉ရပ်ကွက်နေ ဒေါ်မေခင် မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေးနှင့် ဦးမြသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

သီပေါမြို့ သီတဂူစက္ခုဒါန မျက်စိကုဆေးရုံ ဝေဒနာရှင်များ အခမဲ့ကုသရေး ဆွေးနွေး

သီပေါ ဇူလိုင် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံတော်၏ တတိယအကြိမ်မြောက် မျက်စိဝေဒနာရှင်များ အား အခမဲ့စမ်းသပ်ကုသပေးရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် ဆေးကုသစရိတ် စုပေါင်းအလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ရက် မွန်းလွဲ၁နာရီက သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ဆွမ်းစား ဆောင်၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိက သြဝါဒကထာ မြွက်ကြားတော်မူပြီး လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်များအား ဇူလိုင်၁၇ရက်မှ ၁၉ရက်အထိ အခမဲ့ကုသပေးနိုင်ရေးအတွက် ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် တတိယအကြိမ်သီပေါမြို့ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးနိုင်ရေးအတွက် အလှူရှင် ၅၄ဦးက လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၀၀၇၈၃၂၀ကို ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့က လက်ခံယူကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိရိပ်သာ(၂)လမ်း အမှတ် ၁၈ နေ ဗိုလ်မှူးအောင်သန်း(ငြိမ်း)-ဒေါ်အမာတို့က နှစ်ဖက်မိဘများအားရည်စူး၍ အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက် ခဝဲခြံ(၂)လမ်း ပေါ်တော်မူဘုရားကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၃၃) ဓမ္မရိပ်သာ၌ တည်ဆောက်ဆဲ သုံးထပ်ဝိပဿနာ ဓမ္မဗိမာန်ဆောက်လုပ်ရာတွင် ယောဂီအိပ်ခန်း(၁)ခန်းနှင့် RC ကွန်ကရစ်တိုင်တစ်လုံးအတွက် ငွေကျပ်၁၁သိန်းကို ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဣန္ဒာစရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်ဦးလွင်၌ ကြက်ဆူစိုက်ပျိုးမှု အသိပညာပေးဟောပြော

ပြင်ဦးလွင် ဇူလိုင် ၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၅ရက် မွန်းလွဲ ၁နာရီက မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သီထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒါရိုက်တာ ဒွန်မောင်မောင်၊ စာရေးဆရာကြီး အဏ္ဏဝါစိုးမိုး၊ စာဆိုတေးရှင် ဂီတာဖေဝင်းတို့က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှု အသိပညာပေးဟောပြောခြင်း၊ ဗဟုသုတရစေသော စာပေရေးရာအကြောင်း၊ ဘဝနှင့်စာပေဂီတ အကြောင်း ဟောပြောပေးကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ငွေးကျော်တို့က ဒါရိုက်တာ ဒွန်မောင်မောင်၊ စာရေးဆရာကြီး အဏ္ဏဝါစိုးမိုး၊ စာဆိုတေးရှင် ဂီတာဖေဝင်းတို့အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်ကြောင်း သိရသည်။ (ဝ၈၈)

မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြို့မဈေး မြေအောက်မီးသတ်ရေလှောင်ကန် ဆောက်လုပ်ခြင်းနှင့် မီးသတ်စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့၌ အမှိုက်များရှင်းလင်း

ညောင်ရွှေ ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင် ကြီးကြပ်မှုဖြင့် ဇွန် ၈ရက်က မြို့မဈေးကြီးအတွင်း ရုံးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ အမှိုက်သရိုက်များရှင်းလင်းခြင်း ပြုလုပ်ကြကြောင်း သိရသည်။ (ဝ၂၁)

ကျောက်တန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လေဘေးဒဏ်ခံရသော ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပြန်လည်ထူထောင်ရေးနှင့် ခိုင်မာရေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၁ရက်က မြိုင်သာယာစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ဆွေးနွေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းတပ်ခရိုင်နှင့် မြို့နယ်ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

မင်းတပ် ဇူလိုင် ၁၂

မင်းတပ်မြို့တွင် ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၄ရက် နံနက် ၈နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ကလည်းကောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်ခင်ဝင်းကလည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းကလည်းကောင်း၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများအား ခရိုင်ဦးစီးအရာရှိ ဦးဟွာလ်ကပ်ထန်ကလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဦးခင်မောင်စမ်းကလည်းကောင်း စုစုပေါင်းထောက်ပံ့ကြေးငွေကျပ် ၂၈၈၃၅၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သဲရေစစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၉ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင် ရဲတပ်ဖွဲ့ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင် ဇူလိုင် ၆

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့ ၂၀၀၈ပညာသင်နှစ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ရက် နံနက် ၁၂နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တပ်ဖွဲ့ဝင်မိသားစုများအား ပညာသင်နှစ်ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သိမ်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာသင် စရိတ်ထောက်ပံ့ပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သိမ်းနှင့်ဇနီး ဒေါ်ရီရီဝေ **(ယာဘုံ)**၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ် တင်ထူးတို့က မူလတန်းအဆင့် ၆ဝ၊ အလယ်တန်းအဆင့် ၆၈ဦး၊ အထက်တန်းအဆင့် ၄၇ဦးနှင့် တက္ကသိုလ်အဆင့်၁၈ဦး စုစုပေါင်း ၁၉၃ဦးအတွက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာ တန်ဖိုးငွေကျပ် ၉၃၃၄၇၈ကို ခွဲဝေထောက်ပံ့ကြောင်း သိရသည်။ (ဝ၁၄)

နောင်ချိုမြို့နယ်၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

နောင်ချို ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဇွန်၂၈ရက်က ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင် ဦးဆောင်၍ ကွင်းဆင်း စစ်ဆေးကြသည်။

ရှေးဦးစွာ သဖန်းကိုင်းကျေးရွာ နွေဦးသစ္စာစာကြည့်တိုက် သို့ရောက်ရှိပြီး စာကြည့်တိုက်ကော်မတီများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ စာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ခရိုင်ဦးစီးအရာရှိက ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိနှင့် ရုံးအဖွဲ့တို့သည် ကျေးရွာ ခြောက်ရွာရှိ စာကြည့်တိုက်များသို့လည်းကောင်း၊ ဇွန် ၂၉ရက်က ဉာဏ်တောကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာသို့လည်းကောင်း သွားရောက်ကာ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့ အောင်မာဃလမ်း ကတ္တရာခင်း

မြင်းခြံ ဇူလိုင် ၈

မြင်းခြံ အောင်မာဃလမ်း မြေသားလမ်း ကတ္တရာလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဧရာဝတီတိုင်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဇူလိုင် ၁၂ ရက်က မရမ်းကုန်းမြို့နယ် ပညာရေးမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဝါဆိုသင်္ကန်းဒွိစုံ ၈၈ စုံ ဆက်ကပ်လှူဒါန်းရာ ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာဇောတ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)က ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူစဉ်။ (က-ပ)

ချောက်မြို့နယ်စည်ပင် ကွန်ကရစ်တံတားဆောက်လုပ်

ချောက် ဇူလိုင် ၁၂

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အေးစေတီလမ်းပေါ်တွင် အုတ်ခုံခံသံကူကွန်ကရစ် တံတားနှစ်စင်း ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၃ ရက်က ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ ကျောင်းဆောင်နှင့်အခြားသော သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ၃၆ တောင်မြင်းပြိုင်ကွင်းလမ်းနေ ဒေါ်စမ်းစမ်းရီ (တာမွေဗိုလ်တာရာဆိုင်)မိသားစုက ငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုမာရ (ဆိပ်ဖြူ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လူငယ်ယဉ်ကျေးမှု မျက်ပွင့်သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၉

ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က လူငယ်ယဉ်ကျေးမှု မျက်ပွင့်သင်တန်းကို ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်သည်။ ဘုရားကန်တော့ချိုး ရှင်းတမ်းမှစ၍ Practice,Culture,Ethic,Health, Thought, Design,Dialog, Confikdence, ခေါင်းစဉ်များအောက်တွင် ဗုဒ္ဓအဆုံးအမနှင့်အညီ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းလိုစိတ်များ တိုးပွားစေပြီး ဘဝတွင် အောင်မြင်မှုရစေမည့် ဘာသာရပ်များဖြင့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၃ ရက်အထိ သင်တန်းကာလ ကိုးရက်ကို နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း သင်ကြားပို့ချမည် ဖြစ်သည်။

တက်ရောက်

သင်တန်းကို တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများမှစ၍ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများ ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ ဖုန်း-၃၈၇၃၆၁သို့ ကြိုတင်စာရင်းသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မတ္တရာမြို့ ထန်းပင်ကုန်းကျေးရွာ ဓမ္မဗိမာန်တည်ဆောက်ရေး ငွေလှူဒါန်း

မတ္တရာ ဇူလိုင် ၁၆

မန္တလေးတိုင်း မတ္တရာမြို့နယ် ထန်းပင်ကုန်းကျေးရွာ ဓမ္မဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက်က ထန်းပင်ကုန်းကျေးရွာ ထန်းပင်ကုန်းကျောင်းတိုက်၌ ကျင်းပရာ ရပ်မိရပ်ဖများ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ထန်းပင်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

လှူဒါန်း

ထို့နောက် ဓမ္မဗိမာန်အတွက်ထန်းပင်ကုန်းကျေးရွာမှ အလှူငွေကျပ် ၁၀ သိန်း၊ ဒေါ်ဝေဝေခိုင်၊ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်၊ ဦးသန်းအောင်-ဒေါ်စန်းစန်း၊ ဦးတင်ဦး-ဒေါ်ခွေးတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးနေဝင်း-ဒေါ်အေးဝင်း၊ ဦးအုန်းမောင်-ဒေါ်တင်မိ၊ ဦးကျော်ဆန်း-ဒေါ်မြင့်မြင့်ငွေးတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးကြည်အေး-ဒေါ်ခင်မာဝင်းက ငွေကျပ်သုံးသောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးငွေးက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

အမရပူရမြို့နယ် ပုလဲရောင်ခြည်စာကြည့်တိုက်ဖွင့်

အမရပူရ ဇူလိုင် ၁၅

အမရပူရမြို့နယ် နတ်ရေကန် ကျေးရွာအုပ်စု မုတ်ပုလဲကျေးရွာတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှင်းလင်း

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်အလှူရှင်များက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းဆောင်ထံ ပေးအပ်လှူဒါန်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရေမြောင်းတူးဖော်

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်းဘေး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်မိုးဦးက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့၌ ကြက်ဆူပင်များ အစားထိုးစိုက်ပျိုး

ပျော်ဘွယ် ဇူလိုင် ၆

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခါစည်းရိုးကြက်ဆူစိုက်ခင်းတွင် ဇွန် ၂၀ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကြက်ဆူပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ရှင်းခြင်းတို့ကို ဒုတိယဦးစီးမှူး (သန့်) ဦးသိန်းကျော်ဦးဆောင်၍ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမောင်စိုး ကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် တန့်ယန်း၌ ကျင်းပ

တန့်ယန်း ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်၂၅ရက် နံနက် ၈နာရီက တန့်ယန်း-ပန်ဆန်းလမ်းဘေး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်နှင့်ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး ခိုင်ဇော်က ပျိုးပင်များကိုပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ



အင်္ဂပူမြို့နယ် နန်ကာသူဆည်အတွင်း ငါးမျိုးစိုက်ထည့်

အင်္ဂပူ ဇူလိုင် ၁၂

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတတိုးပွားရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ကျေးလက်ဒေသနေပြည်သူများ ငါးစားသုံးမှု ပိုမိုစေရန်အတွက် ဇူလိုင် ၅ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် နန်ကာသူဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။ **(ဝဲပုံ)**

တက်ရောက်

အခမ်းအနားသို့ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟင်္သာတငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးမင်းမင်းနှင့် လှည်းမှောက်ကျေးရွာ၊ ကည္တတ်ကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ နန်ကာသူဆည်အတွင်း စုပေါင်းငါးမျိုး စိုက်ထည့်ပေးကြသည်။

စိုက်ထည့်ပေး

နန်ကာသူဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမ စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွှမ်းသူ့ပန်းခွေချ အလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၈ခုနှစ်(၆၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက်ရနာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

စာမျက်နှာ ၈ ကော်လံ ၆ ■

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီမြစ်ရေကျဆင်း

(ဇူလိုင် ၁၉ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်နာရီလျှင် ဝဒသမ၂၅စင်တီမီတာနှုန်းဖြင့် ကျဆင်းနေပြီး နောက်သုံးရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)